ဤပါဠိတော်မြတ်ဖြင့်၊ ယခုမျက်မှောက်ဘဝ၌ ကောင်းကျိုး ဆိုးကျိုးကို၊ ပေးတတ်သော ဒိဋ္ဌဓမ္မဝေဒနီယကံ၊ ဤဘဝ၌ နှစ်ခုမြောက်ဖြစ်သော ဒုတိယ ဘဝ၌ ပဋိသန္ဓေပဋိသန္ဓိ ဟူသော အကျိုးနှစ်ပါးကို၊ ထိုက်သည့် အားလျော်စွာ ပေးတတ်သော ဥပပဇ္ဇဝေဒနီယကံ၊ တတိယ ဘဝမှစ၍ နိဗ္ဗာန်ရောက်သောဘဝတိုင်အောင်၊ ပဋိသန္ဓေပဋိသန္ဓိ ဟူသော အကျိုးနှစ်ပါးကို၊ အနွှင့်ရတိုင်းအကျိုးပေးတတ်သော အပရာပရိယဝေဒနီယကံ၊ ဤသို့လျှင်သတ္တဝါတဦးတယောက်သည်၊ မူရင်းမတွက်နိုင်သော ကပ်ကမ္ဘာများစွာက ပြုလုပ်ခဲ့သော ဒု ကုသိုလ် ကုသိုလ်တို့ရှိရကား။ ယခု၊ ကံမျက်မှောက်၊ စွဲပြုန် ဘဝ၌ရင်း၊ လာလတံ့သော အနာဂါတ်ဘဝ၌ရင်း၊ ပဋိသန္ဓေ ပဝတ္တိဟူသော အကျိုး [illegible] အခြင်းကံ

အားလျော်စွာ သုခဒုက္ခကို ခံစားရမည်ဟု ဘုရားမြတ်စွာ မိန့်တော်မူသည်။

ကာလဖြင့် ကာလိယဖြစ်သော ကံနှင့် ဝိပါကကို ပိုင်းခြားခြင်း။

(၄) အဟောသိကံ အဟောသိကမ္မဝိပါကော၊ လ၊အဟောသိကံ၊နဘဝိဿတိ။ကမ္မဝိပါကော(အတိတ်-၆) အတ္ထိကံ အတ္ထိကမ္မဝိပါကော၊လ၊ အတ္ထိကံ နဘဝိဿတိ၊ ကမ္မဝိပါကော(အနာဂါတ်-၂)ပဋိသန္ဓိဒါမဂ်အင်္ဂကထာ= ၂=၁၇၄)။

ဤပါဠိတော်မြတ်ဖြင့် ထိုထိုစကြာဝဠာ ကမ္ဘာလော ကဌ် ရှိရှိသမျှသော သတ္တဝါတို့သည်၊ အပရာပရိယဝေဒနိယ ကံနှင့်၊ မကင်းကောင်းရကား၊ ပဋိသန္ဓေ ပဝတ္တိ ဟူသော အကျိုးမပေးသေးသော တနည်း - အကျိုး ပေး လတံ့သော အတိတ်ကံ၊ အကျိုးပေးလတံ့သော အနာဂါတ်ကံရှိသည်ဟု အတိတ် စသော ကံဖြင့် ကာလိယဖြစ်သော ကံနှင့် ကမ္မဝိပါကကို ဝေဘန်ပိုင်းခြားရှုသော သာရိပုတ္တရမဟာထေရ်မြတ် မိန့်တော်မူသည်။

ဤသို့အသီးသီး မိန့်တော်မူသော ပါဠိတော်တို့ဖြင့်၊ သတ္တဝါတဦးတယောက်သည်၊ ပစ္စုပ္ပန်ကာလ၌သော ကောင်း ကမ္မ မကောင်းမှုကမ္မကို၊ဖြိုလုပ်သည် ဟုတ်သေး။ ရှေးရှေး ဘဝတို့ကလည်း၊ ကောင်းမှုစေတနာကံ မကောင်းမှုစေတနာ ကံကို၊ ဖြိုခဲ့ဘူးပြီး၊ နောင်အနာဂါတ်၌လည်း၊ နိဗ္ဗာန် မရ သေးသမျှကာလပတ်လုံး ကောင်းမှုစေတနာကံ မကောင်းမှု

စေတနာကံကို၊ ပြုကြလတံ့ပင် ဖြစ်သည်ဟု - ဘုရားမြတ်စွာ မိန့်တော်မူသည်။

နောက်ထပ်တဆင့်တက်ကြပါဦးစို့။

စာမျက်နှာ ၉၄-စာကြောင်းရေ-၁၉-၌၊ လူသား၏ ရုပ်ခန္ဓာကိုယ်၌-လ၊ ပိုမို၍ အကျိုးပေး ကတ် တယ် ဆိုကိုး။ အဲဒါလဲ သာသနာ့ဝန်ထမ်းများအတွက် စားလမ်းတခုဘဲပေါ့ ဟူ၍ဖြင်း၊ တနှစ်စာမျက်နှာ ၉၆-စာကြောင်းရေ ၁၃-၌၊လ၊ ဤသို့ ရတနာသုံးပါး ဟူ၍ ဆုတောင်းကြကုန်။ ဟူ၍ဖြင်း ပါရှိသည်၊ အဆိုပါစကား ပိဒ်များကို လိုရင်း ပိဏ္ဍတ္ထဆို သော် ပရိတ်တရားတော်နာယူခြင်း၊ ဓါတ်တော် မွေတော်များကို ရှစ်ခိုးပူဇော်ခြင်း ၂-တရားတော်နာယူခြင်း၊ ဒါန၊ သီလ ဘာဝနာများကို ပြုလုပ်သောသူတို့သည်ကား၊ ဘုရားရှင်ဟောကြားတော်မူသော အကျိုးအာနိသင် အားလျော်စွာ အနုမောဒနာပြုခြင်း စသည်တို့သည်၊ ဘာတခု မျှအကျိုးမရှိ၊ ဓါတ်တော် မွေတော် များသည်၊ ဘာသာရေး အမှိုက်သရိုက်များသာ ဖြစ်သည်၊ ကိုးကွယ်ဖို့ ပူဇော်ထိုက် အရိုအသေ ပြုထိုက်သော ဂုဏ်ထူး သတ္တိဘာတခုမျှမရှိဟု ဆိုလိုသည်။

ဌင်းစကားများသည်၊ ဘုရားရှင်ဟောတော်မူသော ရတနာသုတ်၊ မေတ္တာသုတ်စသော ပရိတ်တရားမြတ်များနှင့် များစွာ ဆန့်ကျင်နေသည်။

ပရိတ်တရားတော်နာယူရခြင်း၏ အကျိုး။

အရပ်ဘံ အစရှိသော ဂုဏ်တော်တို့နှင့် ပြည့်စုံတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်သည်၊ သက်တော်ထင်ရှား

ရိုးတော်မူစဉ် ဝေလာဂိုဏ်ပြည်၌၊ ကြောက်မက် ဘွယ်ဖေး ဘေးဆိုးကြီး ကျရောက်သည့် အခါ၊ ဘုရားရှင် ဟောတော်မူသော ရတနာသုတ်၊ ရိတ်တော်ဖြင့် ထိုဘေးဆိုးကြီးအကြောင်းမဲ့ ချုပ်ငြိမ်းသည်ကို၊ ပရိယာယနိဒါန်းဖြင့် တင်ပြုပေါလွင်သော ကြောင့်၎င်း၊ မေတ္တာသုတ်ခန္ဓသုံးစသော သုတ်တော်မြတ်များ သည်လည်း၊ ထိုထိုကောင်းကျိုးချမ်းသာ မင်္ဂလာဟူးများ ပွားများသည်ကို၊ ပရိယာယနိဒါန်းဖြင့် သိသ ပေါလွင်သော ကြောင့်၎င်း၊ အနုမောဒနာပြု ဆုပေးများသည်လည်း၊ ဘုရား တရား သံဃာစသော ဘဲပေါ်းသော ရတနာတို့၏ ဂုဏ်ကျေးဇူးသဘောတရားများဖြင့် ကိုရဝတ်နာသုံးပါးတို့ အားရှိခိုးခြင်း ပူဇော်ခြင်း၊ အရိအဖေပြုခြင်းသည်၊ ဝါရဝမင်္ဂလာများနှင့် အညီ ပြုကျင့်သော အကျင့်မြတ်ဖြစ်ခြင်းကြောင့် ခံစားအပ် ခံစားထိုက်သော အကျိုးသဘောတရားများကို၊ လိမ္မာသိမြင် သူတော်ဖြစ် ဖြစ်စေလိုရကား၊ ထိုက်သည့် အားလျော်စွာ အနုမောဒနာပြုတော်မူကြသည်။

ပူဇော်ရတနာထိုက်သောဓါတ်တော်မွေတော်များနှင့် ပူဇော်ခြင်းကြောင့်ရအပ်သောအကျိုး

ပုထိုး-စလေးပါး

(၄) ဗုဒ္ဓောရော မေအာနန္ဒ ထူပါရဟာ၊ ကတမေ စတ္တာရော။ တထာဂတော အရဟံ သမ္မာသမ္ဗုဒ္ဓေါ ထူပါရဟော ။လ။ ရာဇာစက္ကဝတ္တိထူပါရဟောတိ။ (သုတ်နှံ ပိဋကတ မဟာပရိနိဗ္ဗာနသုတ်-၁၁၇)။

ဤပါဠိဋီကာတော်မြတ်ဖြင့် စေတီပုထိုး တည်ထား ကိုးကွယ် ထိုက်သော ဘုရားမြတ်နှင့်ပတ်စပ်သော ကမ္ဘာ-တပည့်သာဝက-စကြဝဠတေးမင်း ဤလေးပါးတို့ ထူပါရဟ ထိုက်သည် ကို ဘုရားမြတ်စွာမိန့်တော်မူသည်။

စေတီသုံးပါး။

(၃)ကတိန္နဒေါဘန္တေ့စေတိယာနိတိ၊ တိဏ္ဏိအာနန္ဒာတိ။ကတမာနိဘန္တေ့၊တိဏိတိ၊ သာရီရိကံ။ ပရိဘောဂိကံဥဒ္ဒေါသကန္တိ။(ကာလက်ဘောဓိဇာတ်အဋ္ဌကထာ-၄-၂၂၉)။

ဤအဋ္ဌကထာဖြင့် ဘုရားရှင်ကိုယ်တော်မြတ် ပရိနိဗ္ဗာန်စံလွှန်တော်မူပြီးနောက် ရှေးကာယ ပြစ်သော ဒန္ဓာ တော်ကို စွဲ၍ ဖြစ်သော သာရီရိကဓါတ်တော် ဘုရား ရှင်၏ အသုံးအဆောင် ဖြစ်တော်မူသော ဆပိတ် ပရိက္ခရာ ဟူသော ပရိဘောဂ ဘုရားရှင်က ချည်မှတ်၍ ယုလုပ် အပ်သော ရုပ်ပွါးခေါင်းထုတော်တို့သည်၊ စေတီဘုံက်သည်၏ ဒေ-ဖြစ်ကိုမိန့်တော်မူသည်။

အကျိုးအာနိသင်များ။

(၁) ယောခေ ပူဇေယျသမ္ဗုဒ္ဓံ။ လ။ ပူဇေတိ စိုးဝ တုယော။(ဆရာဒါနပါဠိတော်-၁၆၀)။

(၂) နတ္ထိစိတ္တေပသန္နမှိ ။လ။ သတ္တာဂစ္ဆန္တိ သုဂ္ဂတိ။(ဝိမာနဝတ္ထုပါဠိတော်-၆၆)။

ကဲ့ဒုးနှဒးတွာဝသံပဋိစ္ဆ ၊လ၊ဂုဒံခေါ[redacted]ာနန္ဒ

အတ္ထဝသံပဋိစ္စတထာဂတော အရဟံသမ္မာသမ္ဗုဒ္ဓေါ ထုပါရဟော။(မဟာပရိနိဗ္ဗာန်သုတ်ပါဠိတော်-၁၁၀)။

ဤပါဠိတော်ဖြင့် ဘုရားရှင် ကိုယ်တော်မြတ်၏ ဓါတ်တော် မွေတော်ဆံတော် စသည်သော ဂေါတိပုထိုး ရှစ်ပွါးတော်ဆင်းထုတော်များကို လူနတ် ဗြဟ္မာ သတ္တဝါ အပေါင်းတို့ ရှိခိုးပူဇော်ခြင်းကို ပြုခဲ့ရာ ပရိနိဗ္ဗာန် စံလွန်တော်မူ ပြီး သော ဘုရားရှင်ကိုယ်တော်ရုံးနှင့် ထပ်တူ ထပ်မျှ ကြည်လင်သော ပဿန္နသဒ္ဓါဖြစ်မှုခြင်းတူညီလျှင် အကျိုးအာနိသင်များကို ရှိခိုးပူဇော်သော သူတို့အား၊ ခံုးဆိုက်သည်ဟု မြင်စွာဘုရား မိန့်တော်မူသည်။

ထို့ကြောင့် လူသေ လူဖြစ် စာအုပ်ပါ ညွှန်ပြ ခဲ့သော စကားပိဒ်များသည်၊ ဘုရားရှင်၏ဒေသနာတော်နှင့်တိုက်ဖိုက် ဆန့်ကျင်သည်ဟု ယူမှတ်အပ်သည်။ လူသေ လူဖြစ်ခေါင်းစည်း စာမျက်နှာ(၃၆၄)မှ၊(၃၆၉)အထိ ၎င်းအခန်းဦးပါရှိသော စကားပိဒ်များသည် မိန့်ဆို လတံ့သော ပဌဝီတော် များနှင့် တိုက်ရိုက်ဆန့်ကျင်သည်။

(တ) ဟော တိ ခေါ သော ဝါသေဋ္ဌသမ
ယော ယံကဒါစိ ကရဟစိ၊ဒီဃသဿ အစ္စယေ
နအယံကာ လော ဝိဝဋ္ဋတိ၊ ဝိဝဋ္ဋမာနံ လောကေ၊
ယော ဘုဂယေန သတ္တာ၊ အာဘသ ကော ယာစ ဝိတ္ထာ
ဂုတ္တုတ္ထံအာဂစ္ဆန္တိ။
တေစဟောန္တိ မနောမယာ ပိတိဘက္ခာ သယံ သဘာ
အန္တလိက္ခစရာသုဘဋ္ဌာယိနော။
(သုတ္တန်တပိဋကပါဌေယျ ပါဠိတော်အဋ္ဌကထာသုတ်-၆၉)

(ထ) ခတ္တိယောဝိ၊ ခေါဝါသေဋ္ဌကာယေန ဒုစ္စရိတံစရိတ္ဘာဝါစာယ ဒုစ္စရိတံ စရိတ္ဘာမနသာဒုစ္စရိတံစရိတ္ဘာ၊မိစ္ဆာဒိဋ္ဌိ ကောမိစ္ဆာဒိဋ္ဌိကမ္မသမာဒါနော မိစ္ဆာဒိဋ္ဌိကမ္မသမာဒါနဟေတုကာယသ ဘေဒါပရံမရဏာ အပါယံဒုက္ခတိ°ဝိနိပါတံ နိရယံ ဥပပဇ္ဇတိ။လ။ ခတ္တိယောဝိခေါဝါသေဋ္ဌကာယေန သုစရိတံစရိတ္ဘာဝါစာယသုစရိတံ စရိတ္ဘာမနသာ သုစရိတံ၊ စရိတ္ဘာသမ္မာဒိဋ္ဌိကောသမ္မာဒိဋ္ဌိ°ကမ္မသမာဒါနော၊သမ္မာဒိဋ္ဌိကမ္မသမာ ဒါန ဟေတုကာယသဘေဒါပရံမရဏာသုဂတိ°သဂ္ဂံလောကံဥပပဇ္ဇတိ။လ။

ခတ္တိယော ဝိခေါဝါ သေဋ္ဌကာယေန ဒွယကာရီဝါစာယ ဒွယကာရီမနသာ ဒွယကာရီဝိမိသဒိဋ္ဌိကောဝိ မိသဒိဋ္ဌိကမ္မသမာဒါနော ဝိမိသဒိဋ္ဌိကမ္မသမာဒါန ဟေတုကာယသ ဘေဒါပရံ မရဏာ သုဒုက္ခ ပဋိသံဝေဒိဟောတိ။သ။

ဗြဟ္မဲ့ဏောဝိခေါဝါသေဋ္ဌ၊ဝေသောဝိခေါဝါသေဋ္ဌ၊ သုဒ္ဒေါဝိခေါဝါသေဋ္ဌ သမဏောဝိခေါဝါသေဋ္ဌ။လ။ ကာယသဘေဒါပရံမရဏာသုဒုက္ခပဋိသံဝေဒိဟောတိ၊(ဌင်းပါဠိတော်-၇၉)

ဤသို့ဘုရားရှင်ကိုယ်တော်မြတ်မိန့်မှတ်အပ်သော ပါဠိတော်ဖြင့် သတ္တဝါတို့၏ တည်နေရာ သြကာသ လောကကြီး အကြင်းမဲ့ ပျက်စီးပုံ၊ ပျက်စီးသော လော က တည်ပုံ တဖန် ဖြစ်ပုံ၊ဖြစ်တည်ပုံအကြောင်းအရာကို မိန့်တော်မူသည်။

ထင်ရှားအောင် အနည်းငယ် ဆိုရသော် သြကာသ လောကဟု ဆိုအပ်သော ကပ်ကမ္ဘာတည်ဦးအစကအဆုံး

ရဖြဟ္မာဘုံမှစုဒဝေခဲ့ရှိကံအားဒလျှင်စွာ ဤလူ့ဘုံသို့ ဥပပါတ်ပဋိသန္ဓေအားဖြင့် လူသတ္တဝါ ဖြစ်ပေါ်လာသည်ကိုမြန်တော်မူသည်။

ထိုလူသတ္တဝါတို့သည် နှစ်ပေါင်းများစွာ ကြာမြင့်သောအခါ ခတ္တိယ-ဗြဟ္မဏ-ဝေသ သုဒ္ဒ ဟူ၍ အမျိုးလေးပါးပြားသည်၊ ထိုသူတို့တွင် အချို့ကား ကာယသုစရိုက်စသည်ကိုပြုကျင့်သည် အချို့ကား ကာယဒုစရိုက်စသည်ကိုပြုကျင့်သည်၊ အချို့ကား သုစရိုက် ဒုစရိုက်နှစ်ပါးလုံးပင်ပြုကျင့်သည်၊ ထိုတွင် သုစရိုက်ကို ကျင့်သုံးဆောက်တည်သော လူသတ္တဝါကိုသော်၎င်း၊ သေလွန်သောအခါ ထိုသုခဝိပါက်ဖြစ်သော အလုသိုလ်ကံကြောင့် လူ့ပြည် နတ်ရွာဟူသော သုဂတိဘုံသို့ရောက်ကြသည်။ ဒုစရိုက်ကျင့်သုံးသော သတ္တဝါတို့ကား- သေလွန်သောအခါ၊ ထိုဒုစရိုက်ဖြစ်သော အကုသိုလ်ကံကြောင့် ဒုဂ္ဂတိဘုံသို့ ရောက်ကြသည်။

သုစရိုက် ဒုစရိုက်နှစ်ပါးကိုရောနှောပြုကျင့်သောသူတို့မူကား လျှော်စွ သုဂတိဘုံသို့ ရောက်သော်၎င်း၊ ဒုဂ္ဂတိဘုံသို့ရောက်သော်၎င်း သုစရိုက်နှစ်ပါးသော အကျိုးကို ခံစားရ၏ဟုဘုရားမြတ်စွာ မိန့်ဟော်မူသည် (ကုသိုလ်ကံကြောင့် လူဖြစ်ဟုဆိုလိုသည်)။

(၃) ကမ္မသကာမာဏဝသတ္တ ကမ္မဒါယာဒါ၊ ကမ္မယောနိကမ္မ ဗန္ဓု၊ ကမ္မ ပဋိသရဏာကမံ သေတ္တဝါဘဂတိယဒိဒံ ဟိနပ္ပဏီတတာယာတိ။

-ပစ္စိမနိကာယ ဥပရိပဏ္ဏာသ စူဠကမ္မဝိဘင်္ဂသုတ် ၂၄၄-။

(၄) ဣဓမ္မမာဏဝေကစ္စော ဣတ္ထိဝါ ပုရိသောဝါ ပါဏာတိပါတီဟောတိ။လ။ကမ္မသကာမာဏဝသတ္တ

ကမ္မဒါယာဒါ၊ကမ္မယောနိ၊ကမ္မပဋိသရဏာ
ကမ္မံ သတ္တေ့ဝိဘဇတိ ယဒိဒံ ဟီနပ္ပဏီတတာယာတိ
(၎င်း-၂၄၄)။

ဤပဋိစ္စသမုပ္ပါဒ်တွင် သုဘလုလင်က မြတ်စွာဘုရားသို့ ချည်းကပ်အရိဟံသေပြု၍ ဤမည်သော ပုစ္ဆာပြဿနာများကို မေးခွန်းထုတ်သည်။

အရှင် မြတ်စွာဝေါဟမ၊ အဘယ်အကြောင်းကြောင့် လူတို့အရှည်အ မြတ်ဖြစ်ပါသနည်း(လူ၏အမေး)-ကံကြောင့် လူဘို့ အယုတ်အ မြတ်ဖြစ်သည်။

၎င်းကို အကျယ်မေးလိုသောကြောင့်၊ အရှင်မြတ်စွာဘုရား အဘယ်ကြောင်းကြောင့် လူတို့...

(၁) အသက်တိုရှည်ဖြစ်ပါသနည်း။
(၂) အနာရောဂါနည်းခြင်း၊များခြင်းဖြစ်ပါသနည်း
(၃) အဆင်းရုပ်ကာ အကြည်းတန်ခြင်း၊ လှပချော မောခြင်း ဖြစ်ပါသနည်း။
(၄) ဘုန်းတန်ခိုးကြီးခြင်း၊ နည်းခြင်းဖြစ်ပါသနည်း
(၅) ငွေ ငပြာဖြစ်ခြင်း၊ ဂေါများကြွယ်ဝခြင်း ဖြစ်ပါသနည်း။
(၆) အမျိုးယုတ်နိမ့်ခြင်း၊မြင့်မြတ်ခြင်းဖြစ်ပါသနည်း
(၇) ဉာဏ်ပညာထုံထိုင်းခြင်း၊ ထက်မြက်ခြင်း၊ ကြီးမားခြင်း ဖြစ်ပါသနည်း။

ဤသို့အစုံစုံ ယခုကပုစ္ဆာ(၇)ချက် မေးလျောက်သည်၊ ထိုအခါ ဘုရားရှင်ကအကျဉ်းသဓ်ပအားဖြင့် အတိတ်ဘဝက ပြုကျင့်ခဲ့ဘူးသော ကုသိုလ် အာကုသိုလ်ကံလျှင်အကြောင်းရင်းဖြစ်သည် ဟုမိန့်တော်မူသည်ကို အာကျယ်ဝဝင်နှိုင်းခြားခဲ့ မိန့်တော်မူ

ပါရန် လျောက်ထားပြန်သောခဏကြောင့်၊ အကျယ်ဝေဘန်၍ ခဲနှံတော်မူသည်တွင်....

(၁) ပါဏာတိပါတကံလွန်ကျူးမှု(အသန္တပက္ခ)လုံ ခြိမှုကြောင့်(သန္တပက္ခ)အားဖြင့် တိုရှည်ဖြစ်သည်။

(၂) သတ္တဝါတို့ကို ညှဉ်းဆဲနှိပ်စက် ပြုလုပ်ခြင်း (အသန္တပက္ခ)ရောင်ကြဉ်ခြင်းကြောင့်(သန္တပက္ခ)အနာရောဂါများခြင်း နည်းခြင်း-ဖြစ်သည်။

(၃) အမျက်ထွက်မှုကြီးမားခြင်းမဖြစ်ခြင်း (အသန္တပက္ခ)မရှိခြင်းကြောင့်(သန္တပက္ခ)အကျည်းတန်းရှည်ဆိုးခြင်းနှင့် ရှင်ရေရှုပကာရောမလာလှုပ်ခြင်း။

(၄) သူတပါးတို့အား လာဘ်ပူဇော်သကာ အရှိအသေပြုခြင်းစသည်တို့၌ ညှ။ စူ စောင်းမြောင်းချဉ်ချယ်မှုပြုလုပ်ခြင်းကြောင့်(အသန္တပက္ခ)ဂုဏ်းတို့မှ သန့်ရှင်းစင်ကြယ်ခြင်းကြောင့်(သန္တပက္ခ) ဘုန်းတန်ခိုးအရှိန်အဝေါ်ကင်းမဲ့ခြင်း ဘုန်းတန်ခိုးအရှိန်အဝေါ် ကြီးမားခဲခြင်း တို့နှင့် ပြည့်စုံသည်။

(၅) ပေးကမ်းလှူဒါန်းစွန့်ကြဲမှုမရှိခြင်းကြောင့်။ (အသန္တပက္ခ)ဂုဏ်းတို့ရှိခြင်းကြောင့် (သန္တပက္ခ) ငမဲ့ငပြာသူဌေးသူကြွယ်ဖြစ်သည်။

(၆) ခက်ထန်သောသဒ္ဓာအား ဥာန်မာန်မာနရှိမှု၊ ရှိခိုးထိုက်သော ဘုရားစသည်ကိုရှိခိုးမှု၊ ခရီးဦးကြို၊ဆိုထိုက်သော သံဃာတော်စသည်ကို ခရီးဦးမကြိုဆိုမှု နေရာမပေးမှု ခရီးလွှဲမပေးမှု၊အရှိအသေမပြုမှုစသည်ကြောင့်(အသန္တပက္ခ) ဆိုအပ်ပြီးသော ခက်ထန်မှုစသည်ပြုခြင်းကြောင့်(သန္တပက္ခ) ယုတ်နိမ့်သောအမျိုး မြင့်မြတ်သောအမျိုးတို့၌သာဖြစ်သည်။

(၇) ကုသိုလ် အကုသိုလ်အပြစ်ရှိ အပြစ်မဲ့ မှိုဝ်အပ် မမှိုဝ်အပ် ပြုအပ် မပြုအပ် အမျိုးမဲ့ ဆင်းရဲ အမျိုးရှိ ချမ်းသာတို့ကို၊ ပညာရှိသူတော်ကောင်းတို့ထံမှမှိုဝ်ဆည်းကပ်စေးမြန်းမှုမရှိ(အသန္တပကွ) ၎င်းတို့ပေးခြင်း လျှောက်ထားမှုရှိခြင်း ကြောင့်(သန္တပကွ)ပညာမဲ့-ပညာရှိဖြစ်သည်။

ဤသို့လျှင်ဘုရားရှင်ကိုယ်တော်မြတ် အကျယ်ဝေဘန်ချမှတ်ခဲ့သည်ကို ဗုဒ္ဓဘာသာဝင်ပုဂ္ဂိုလ်တို့ (လူသေလူဖြစ်) စာအုပ်ပါစကားပိုင်းများသည်၊ ဖေါ်ပြခဲ့သော ပါဠိတော်တို့နှင့် ဖြောင့်ဖြောင့်ဆန့်ကျင်သောကြောင့်၊ ထိုစာအုပ်ရေးသားသောပုဂ္ဂိုလ်သည်၊ အယောနိသော မနသိကာရ၊ မိစ္ဆာဘိနိဝေသ၊ မိစ္ဆာဒိဋ္ဌိ ဘောင်စစ်ဖြစ်သည်ကို မိန့်ဆိုလိုတံ့သော ပါဠိတော်တို့ဖြင့် ဖိစီးခြင်းဘာန်းပည့်။

မိစ္ဆာဒိဋ္ဌိဝါဒများ။

(၁) ပါဏာအမတိပါတာပယတော၊ အဒိန္နာအာဒိယတော ။လ။ ပဒါရိဂမ္ဆနတော၊ မုသာဘဏတော ။လ။ နတ္ထိတတော နိဒါနံပါပံ၊ နတ္ထိပါသအာဂမော ။လ။ နတ္ထိတတော နိဒါနံပုညံ နတ္ထိပုညသ အာဂမော ။လ။ အကရိယံဗျာကာသိ၊ (သုတ္တန္တ ပိဋကဒီဃ နိကာယ သီလက္ခန္ဓ ဝဂ္ဂ သာမညဖလ သုတ်-၄၉)ပုရာဏကဿပဒါဒုပြုပါဠိတော်။

နတ္ထိမဟာရာဇဒိန္နံ နတ္ထိယိဋ္ဌံ၊ နတ္ထိဟုတံ၊ နတ္ထိသုကတဒုက္ကဋာနံ၊ ကမ္မာနံဖလံ ဝိပါကော (အဇိတဝါဒပြု-ဌာန်းပါဠိတော်-၅၁)

(ပ) မိစ္ဆာဒိဋ္ဌိ ခေါ်ပုဟော် ဘိ ဝိပရီတဒဿနေ:

နတ်ထိုဒိန္ဒံ ။သ။ ပဝေဒေန္တိ၊ (မစ္ဆိမ နိကာယမူလ ပဏ္ဏာသ သသေလယျသုတ်-၃၅၆)

(၈) တတ္ထကတမာဒိဋ္ဌိဝိတ္တိ၊ နတ်ထိုဒိန္ဒံ ။လ။ သဗ္ဗာဝိ မိန္ဆာဒိဋ္ဌိပတ္တိ၊ (အဘိဓမ္မာဝိဘင်္ဂကရဏ ။ဝိဘင်း ဒုက နိဒ္ဒေသ-၃၇၅)

ဤပါဠိတော်မြတ်တို့ဖြင့်၊ မိစ္ဆာဒိဋ္ဌိအယူရှိသော သူတို့သည်၊ သူ့အသက် သတ်ခြင်းစသော မကောင်းမှုကိုလည်း၊ ပေးလှူခြင်းစသော မကောင်းမှု ကိုလည်း၊ ပြုလုပ်သော်လည်း၊ ပြုလုပ်သည် မမည်။ ထိုမကောင်းမှု မကောင်းမှုဟူ၏၊ ကောင်းကျိုး မဖက်ကောင်းကျိုးသည် လည်း၊ ပြုလုပ်သူ ခံစားဘွယ် မရှိ။ ဤသို့စသည်ဖြင့် ဓမ္မကထေါက် ပြန်ပြန် မှာထားသော အယူဟူသမျှသည်၊ မိစ္ဆာဒိဋ္ဌိ၏ မိစ္ဆာအယူဖြစ်သည်ဟု အမိန့်ရှိတော်မူသည်။

မိစ္ဆာဒိဋ္ဌိယူသော သူ၏ခံစားအပ်လတံ့အဖြစ်။

(၈) နာဟံဘိက္ခဝေ အညံဧေ ဓမ္မမ္ပိ၊ သမနုပဿာမိ၊ ယေန ။လ။ အပါယံဒုဂ္ဂတိံ၊ ဝိနိပါတံ နိရယံ ဥပပဇ္ဇန္တိ၊ (အင်္ဂုတ္တရနိကာယ-၃၃)

ဤပါဠိတော်မြတ်ဖြင့် မိစ္ဆာဒိဋ္ဌိအယူရှိသော ပုဂ္ဂိုလ်၏ သွားရာလမ်းသည်၊ နိရယ်ဟူသော ငရဲလမ်းတသွယ်သာရှိ၏ ဟူ-ဘုရားမြတ်စွာ မိန့်တော်မူသည်။ ဤသို့ မိန့်တော်မူသော ပုဂ္ဂိုလ်တို့ကို ထောက်ဆလျှင်၊ လူသေလူဖြစ်ဟူသော စကား တပိုဒ်တည်းဖြင့်ပင်၊ မည်သည့် ကောင်းမှု-ကောင်းမှုကို ပြုပြု သုဂတိ-ဒုဂ္ဂတိဖြစ်ဘွယ်မရှိပြီ၊ ပူဇော်ဖြစ်ခွင့်ရှိသည်ဟု ယူသင့်

ကံတည်းဟူသော အကြောင်းကို မြစ်ရာကျသည်။ အကိရိယဒိဋ္ဌိ အယူကိုယူသော ပုရာဏကဿပ ကဲ့သို့တည်း။

တဖန် မည်သည့်ကုသိုလ်ကံ-အကုသိုလ်ကံတို့၏အကျိုး သဘောဘရားဘာမျှမရှိ၊ ကုသိုလ်ကံကြောင့်လူဖြစ်သည်မဟုတ်သူသေလို့ လူဖြစ်သည်ဟုယူဆသဖြင့် အကျိုးသဘောကို ပြစ်ရာကျသည်၊ နတ္ထိကဒိဋ္ဌိ အယူကိုယူသော အဓိတ ကဲ့သို့တည်း။

စာမျက်နှာ ၃၆၉-စာကြောင်းရေ ၁၄ ၌-

လူသားသည်သေပြီးနောက်၌ဆက်လက်၍ဖြစ်ရခြင်းမည်ဆိုလျှင်၊လူမှကပါး အခြားနေရာတွေ့ဘဝအဖြစ်သို့ မကူးကူးနိုင်ဟု ဖေါ်ပြသောစကားပုဒ်များတွင် (ဆက်လက်၍ ဖြစ်ရခြင်းမည်ဆိုလျှင်)ဟူသောစကား ပိုဒ်သည်၊ မိုးသီးကြိုးပြစ်ဆင်းလက်ကာစကားများသော ဖြစ်သည်။ ဤဆင်ခြေကြောင့်၊ နိယတမိစ္ဆာဒိဋ္ဌိအယူမှမလွတ်နိုင်၊ လူ့ဘဝ၏ ဆုံးရှုံးခြင်း အထွဋ်တထိပ်သို့ရောက်သည်ဟုဆိုလိုသည်။

ဤသို့လျှင်၊ ဘုရားရှင် ကိုယ်တော်မြတ် ဟောတော်မူသော-သုတ္တန္တပိဋကဓ၊ အဘိဓမ္မ ပိဋကတို့နှင့် လူသေ လူဖြစ်စာအုပ်ပါစကားများသည်၊ တိုက်ရိုက်ဆန့်ကျင်သည်ကို စိစစ်ဝေဘန်ပြီး၍ ပိုနည်း ဒေသနာတော်နှင့်ဆန့်ကျင်ခြင်းကြောင့်၊မည်သို့သောအပြစ်ဖြစ်သည်ကိုစိစစ်ဝေဘန်မည်။

လူသေလူဖြစ်စာအုပ်ပါစကားပိုဒ်များစွာတို့တွင်....

(၁) လူနှင့်တိရစ္ဆာန်မှဘဝပါး- အခြားဘုံများ-အခြားသတ္တဝါများမရှိ

(၂) လူသတ္တဝါဒိဋ္ဌိ ပုဒ်တိုစေတနာကံနှင့် အနာဂဝါတ်ဘဝအကျိုးပေးလတံ့သောစေတနာကံများမရှိ။

(၃) ခါဘတော် မွေတော် ပရိတ် တရားတော်များကို

ပူဇော်ခြင်း၊ နာယူခြင်း စသည်များသည် ဘာမှ အကျိုးမရှိ။

(၄) လူသေလျှင် လူဖြစ်ရမည် ဟူသောစကားရင်းများသည်၊ ဝိနည်း အာဏာ ဒေသနာနှင့် တိုက်ဖျက်ဆန့်ကျင်သည်။

ဆန့်ကျင်ဖော်ပါဠိတော်များ

(ဘ)ဇာဂုပါလိတိကဋ္ဌ။ အဓမံ ဓမ္မောတိ ဒိဋ္ဌိပေန္တိ။လ။ ဣတ္ထောဝတာ ဧခါ ဥပါလိ သံဃောဘိန္နော ဟောတိ၊ (စုဠဝါပါဠိတော်နှင့်ပရိဝါပါဠိတော်ဒုတိယ-၃၁၀)။ ဤပါဠိတော်မြတ်ကို ထောက်ဆလျှင်၊ လူသေလူဖြစ် စသောအပြစ်ကြီးဝိဒိများသည် အဓမ္မကို ဓမ္မဟုဆိုသောကြောင့်၊ ဓမ္မကို အဓမ္မဟုဆိုသောကြောင့်၊ ရောက်အောင်၊ ဓမ္မကိုအဓမ္မဟုဆိုသော်လည်းကောင်း၊ အဓမ္မကို ဓမ္မဟုဆိုသော်လည်းကောင်း၊ သောစကားဝိဒိများသာဖြစ်သည်ဟု ကောန်တိတိ စိစစ်ဝေဘန်လိုက်သည်။

၂။ (ခ)ပြဿနာစိစစ်ဝေဘန်ချက်

မိစ္ဆာဒိဋ္ဌိဝါဒကိုယူသော ရဟန်းအား၊ ကျရောက်သင့်သောအပြစ်များ...

(က) တေနခေါပနသမယေန အရိဋ္ဌဿနာမ ဘိက္ခု။ နော ဂန္ဓဗာဓိ ပုဗ္ဗဿ ဓေဂ္ဂုပံ ပါပကံ ဒိဋ္ဌိဂတံ ဥပ္ပန္နံ ဟောတိ။ ယထာဟံ ဘဂဝတာဓမ္မံ ဒေသိတံ၊ အာဇာနာမိ၊ ယထာယေမေအန္တရာယိကာဓမ္မာ ဝုတ္တာ ဘဂဝတာ၊ တေပဋိသေဝတောနာလံ အန္တရာယာယာတိ(ပါစိတ်ပါဠိတော်အရိဋ္ဌသိက္ခာပုဒ်၁၇)။

(ခ) ယောဂနိဘိက္ခု။ စံ ဝဒေယျ။လ။ နော စေ ပဋိ
နိသာဒေ္ဓယျ ပါစိတ္တိယံ။ (မာတိကာ ပါဠိတော်
ဂဉ်းသိက္ခာပုဒ် ၁၇၇)။

ဤသို့မိန့်တော်မူသော ပဋိဒေါဖြင့်၊ အဓမ္မ-အဝိနယ
ကို၊ ဓမ္မဝိနယဟူ၍ဂဉ်း။ ဓမ္မဝိနယကို အဓမ္မ အဝိနယဟူ၍ဂဉ်း၊
ယုတ်မာသော မိစ္ဆာဒိဋ္ဌိအယူကိုယူသော ရဟန်းကို၊ သမန္ဘ
ဘာသနဥပဇ္ဈိစတုဿကံဖြင့်ဆုံးမသင့်သည်။ ထိုရဟန်းသည်အယူ
ကိုမစွန့်ဘဲ။ ကမ္မဝါစာအဆုံး၌ ပါစိတ်အာပါတ်သင့်သည်ဟု
ဘုရားမြတ်စွာမိန့်တော်မူသည်။

ဥက္ခေပနီယကံ

(ဂ) အပရေဟိဝိဘိက္ခု။ဝေတိ ဟိဂ်ဴ ဟိ သမန္နာ ဂတသ
ဘိက္ခု။နော။လ။ ဗုဒ္ဓသအဝဏ္ဏံဘာသတိ၊ ဓမ္မသ
။လ။ သံဃသဿ အဝဏ္ဏံ ဘာသတိ၊ ဇုမေဟိ ခေါ
ဘိက္ခဝေ ။လ။ ဥက္ခေပနီယကမ်ံကရေယျ (စုဋ္ဌဝါ
ကမ္မဒ္ဓကာ-၄၁)။

အပရေသံဝိဘိက္ခဝေ တိဏ္ဏံ ဘိက္ခု။နံ ။လ။ ဓေကော
ဗုဒ္ဓဿ အဝဏ္ဏံ ဘာသတိ၊ ဓမ္မဿ ။လ။ သံဃဿ
အဝဏ္ဏံ ဘာသတိ၊ ဓမေ သံခေါ ဘိက္ခဝေ တိဏ္ဏံ
ဘိက္ခု။နံ အာကခ်ံ မာနေဝ၊ သံဃော ပါဖိကာယ
'ဒိဋ္ဌိယာအပ္ပဋိနိသဂ္ဂေ ဥက္ခေပနီယကမ္မံကရေယျ
(ဂဉ်းပါဠိတော်-၇၄)။

ဤသို့ ပိန္နတော်မူသော၊ ပဒုမုတ္တိုင် အရဟံ အစရှိသော ဂုဏ်တော်အပေါင်းတို့နှင့် ပြည့်စုံတော်မူသော ဘုရားရှင်အားဂုဏ်း၊ သွာက္ခာတထာအစရှိသော ဂုဏ်တော်တို့နှင့်ပြည့်စုံတော်မူသောတရားတော်မြတ်အားဂုဏ်း။ သုပဋိပန္နတာ အစရှိသော ဂုဏ်တော်တို့နှင့်ပြည့်စုံတော်မူသော သံဃာတော်မြတ်အားဂုဏ်း၊ တပါးကူးပါးအားဂုဏ်း၊ ဘာဂုဏ်ထူးသည်ဖြစ် ဘာအကျိုးကျေးဇူးမျှမရှိ၍ ခုံ၊ချက်ရဲ၊ သောစကားကို ဆိုသောရဟန်းအားသံဃာ အလို ရှိက ဥက္ခေပနီယကံပြုထိုက်သည်ဟု ဘုရားမြတ်စွာခွင့်ပြုတော်မူသည်။

အပွဿာဒပဝေသနီယကံ

(ဃ)အဋ္ဌဟိင်္ကဝေဓမ္မေဟိ သမန္နာဂတသဘိက္ခုနော အာကင်္ခမာနာ ဥပါသကာ အပွဿာဒံ ပဝေဒေယ္ယုံ၊ ။လ။ဗုဒ္ဓဿ အဝဏ္ဏံဘာသတိ၊ ဓမ္မဿ၊ သံဃဿ အဝဏ္ဏံ ဘာသတိ။ (အင်္ဂုတ္တရ နိကာယ ပါဠိ တော်-၁၅၀)။

(c) အဋ္ဌမေအပွဿာဒံပဝေဒေယျာန္တိ၊ အပွဿာဒဘာဝံ ဇာနာပေယျုံ၊ အပွဿာဒံ ပဝေဒေန္တာနံ ကိံ ကာတဗ္ဗန္တိ၊ နိသိန္နာသနတော နဥဋ္ဌာတဗ္ဗံ-နဝန္ဒိတဗ္ဗံ နပစ္စုဋ္ဌမနံ ကာတဗ္ဗံ၊ နဒေယျဓမ္မော ဒါတဗ္ဗော။(ဂုဠိဟာဋ္ဌ ဇာတ-၃-၂၅၄)။

(စ) အဝဏ္ဏဘာသနေပန အရဟံ သမ္မာသမ္ဗုဒ္ဓေါ။ သ-အဝဏ္ဏဘာသနေ အာဒီနဝံဒသေတွာ နိဝါရေတဗ္ဗော။ (ဝိနယပိဋကမဟာဝဂ္ဂအဋ္ဌကထာ ၂၉၆)

ဤပါဠိတော်အဋ္ဌကထာတို့ဖြင့်၊ ဘုရားရှင်ကိုယ်တော်မြတ်၏၊ ကျေးဇူးမဲ့ တရားတော်မြတ်၏ ကျေးဇူးမဲ့ သံဃာတော်မြတ်၏ ကျေးဇူးမဲ့ကို ပြောဆိုသော (သို့မဟုတ်) ရေးသားထုတ်ဝေသော၊ ရဟန်းပုဂ္ဂိုလ်များအား၊ လူဒါယကာတို့က(၁)မိမိနေရာမှမထခြင်း၊ (၂)ရှိမခိုးခြင်း၊ (၃)ခရီးဦးမကြိုဆိုခြင်း၊ (၄) ဘစုံတခုသော ဝတ္ထုကိုမျှ မလှူဒါန်းခြင်းဟူသော ဤလေးပါးကို၊ ပြုလိုက မကြည်ညိုခြင်း၊ မနှစ်သက်ခြင်း၊ ထင်ရှားစေခြင် ပြုလုပ်ခွင့်ရှိသည်ဟု မိန့်တော်မူကြသည်။

ဤသည်လျှင် ၂-(ခ)ပြဿနာ ဖြေစ်ချက်တည်း။

တိတ္တိယ ပက္ကန်ကာ

(က) တိတ္တိယပက္ကန္တကော ကိကွဒေအနုသမ္ဗန္ဓောနဉ္ဇ
သမ္ဗာဒေ တဗ္ဗေါ ဉသမ္ဗန္ဓော နာသေတဒဗ္ဗါ။
(ဝိနည်းမဟာဝဂ်ဒုတိယကထိက္ခန္ဓက-၁၂၀)
ဉသမ္ဗန္ဓောကိကွ၊ တိတ္တိယောဘဝိဿဒီတိသလိဒ်
နေဝတေသံဉသယံဂစ္ဆတိ၊ ပဒဝါရ ပဒဝါရေ
ဒုက္ကဋံ။ တေသံလိင်္ဂေ အာဒိန္နမတ္တေတိတ္တိယာ ပက္ကန္တကာ ဟောတိ။ ယောပိသယံခရိတ္တိယောဘဝိဿဒီတိ၊ ကုသစီရာဒီနိ နိဝါသေတိ၊ တိတ္တိယပက္ကန္တကော ဟောတိယေဝ။ ယောဝါနနဝဂ္ဂါနုဝါယဒန္တာ အတ္တာနံသြဒနလာကေတွာ "သ" ကာရဝါပိန္တာဒိနိဝါသေတိ၊ ဒုဿီသေဟိ၊ ကေသဝိဒ်ကဏ္ဏာဟိ၊ အသံပဋိ

သေဋ္ဌာတိ သေဋ္ဌဘာဝံဝါ-ဥပဂစ္ဆတိ၊ နမုစ္စတိ တိတ္ထိယပက္ကန္တကောဟောတိ။ (ဌင်းအဋ္ဌကထာ—၃၀၂)။

ဤပါဠိတော်အဋ္ဌကထာတို့ကိုထောက်ဆလျှင်၊တိတ္ထိယပကန္တက ဟူသည်။

(၁) ရဟန်းတပါးသည်၊ တိတ္ထိ ပြုလုပ်တော့မည်ဟု-နှလုံးပိုက်၍ မိမိရဟန်းအသွင်ဖြင့်၊ တိတ္ထိတို့၏ ကျောင်းသို့သွားခြင်း။

(၂) တိုကျောင်းသို့ ရောက်သောအခါ မိမိ ရဟန်းအသွင်ကိုစွန့်၍ တိတ္ထိတို့၏ ဒေဝတ် အရုံအသွင်ကိုယူခြင်း။

အဆိုပါ အင်္ဂါနှစ်ပါးနှင့် ပြည့်စုံမှ၊ တိတ္ထိယပက္ကန္တက ဖြစ်သည်။ တနည်း-ရဟန်းတပါးသည်၊ မိမိ အလိုလို တိတ္ထိ ပြုတော့အုံဟု - နှလုံးသွင်း ခြင်း။ သမန်းမျက်ဖြင့် ယက်လုံပဲ အပ်သော အဝတ်စသည်တို့ကိုရုံခြင်း၊ ဤအင်္ဂါ နှစ်ပါးနှင့် ပြည့်စုံလျှင်လည်း၊ တိတ္ထိယ ပက္ကန္တက ဖြစ်သည်။ တနည်း၊ ရဟန်းတပါးသည် အဝတ်အဆင်းစည်းရေချိုးစဉ် မိမိကိုယ်ကိုကြည့်၍၊(၁)ဥဒေါင်းမြီးစည်းစသည်တို့ကိုဝတ်ခြင်း၊ (၂) တိတ္ထိတို့၏ အသွင်ကိုယူခြင်း၊ (၃) ဤတိတ္ထိတို့၏ အသွင်ပင်မြတ်၏ဟု ကပ်ရောက်ခြင်း၊ဤအင်္ဂါသုံးပါးနှင့်ညီလျှင်၊ တိတ္ထိပက္ကန္တကဖြစ်သည်၊ ဤမျှလောက် - ဤစီစစ် ဝေဘန်ချက်ကို ထောက်ဆသောအားဖြင့်၊ သမ္မာဒိဋ္ဌိအယူရှိသောရဟန်းသည်၊

ဒီတိုက်ကဲ့သို့ ဗုဒ္ဓသာသနာတော်နှင့် ဆန့်ကျင်သော်လည်း၊ အကြင်မျှလောက်သောကာလပတ်လုံး တိုက်ကို အဝတ် အရံအသွင်ကို၊ မယူသေး - ထိုမျှလောက်သော ကာလပတ်လုံး၊ ထိုတိုယပက္ကန္တိကဖြစ်ဟု စီစစ်ဝေဘန်တော်မူကြသည်။

ဤသည်လျှင်ထိုတိုယပက္ကန္တိကဖြစ်မဖြစ်စီစစ်ဝေဘန်ချက်တည်း။

(၂)-ဂ-ဒုတိယပြဿနာစီစစ်ဝေဘန်ချက်များ

(ပဏာသနိယကံ)

(က) တေနခေါပနသမယေနဘဂဝါ-လဲ-ဧကဿာဒဒါနိ ဘန္တေဘဂဝါ။လ မမံဘိက္ခ၊သံဃံနိဿဇ္ဇတု ။လ။ တေနဟိဘိက္ခဝေသံဃော ဒေဝဒတ္တာသရာဇဂဟေ ပဏာသနိယကမ္မံ၊ ကရောတုပုဗ္ဗေ ဒေဝ ဒတ္တာသံ အညာပကတိ်အာဟော်သိ၊ ဧဒဒါနိ အညာပကတိ်၊ ယံ ဒေဝ ဒတ္တောကရေယျ - ကာယေန ဝါစာယ၊ နတေနဗဒ္ဓေါဝါ ဓမ္မောဝါ သံဃောဝါ-ဒဋ္ဌဗ္ဗော၊ ဒေဝဒတ္တောဝ တေန ဒဋ္ဌဗ္ဗောတိ။ (စိန္တယဓိဋ္ဌက စုဋ္ဌဝါသံဃ ဘေဒကွန္ဓက-၁၄၇)။

ဤပါဠိတော်မြတ်ဖြင့် ဆိုလိုရင်းကား--ဒေဝဒတ်သည်၊ ဘုရားမြတ်စွာ၊ကား ငါ၏ မင်း ပရိတ် သတ် အစုံ အညီ ရှေ့မှောက်၌-ထွေးအံ့ပြီးသော သလိပ်တံထွေးကို မျိုသော (ခဋ္ဌောပက)ဝတ်ဒဖြင့်ရှတ်ချတော်မူသည်။ သာရိပုတ္တရာ-မောဂ္ဂလာန်

တို့ကိုမူ မြောက်ကြွချီးပင့်သည်ဟု အယောဓိဃော မနသိကာရဖြင့်၊ ဘုရားရှင်ကိုယ်တော်မြတ်အား၊ အမျက်ထွက်ခြင်း၊ မနှစ်လိုခြင်းအကြောင်းပြု၍ ရှေးဦးစွာရန်ညှိုးမဲ့ခြင်းဖြစ်သည်။ ထိုအခါ ဘုရားမြတ်စွာသည် ရဟန်း တို့ကို ခေါ်၍ တော်မူ၍-ချစ်သားတို့ ရှေးအခါက ဒေဝဒတ်၏ စိတ်ရင်းသဘောကား၊ တမျိုးတခြား ယခု ဒေဝဒတ်၏ စိတ်ရင်းသဘောကား တမျိုးတခြား ဤသို့လျှင်ရှေ့နောက် စိတ်သဘောမတူ၊ ဖေါက်ပြန်သော အယူသဘော ရှိသော ဒေဝဒတ်သည်၊ ကိုယ်နှုတ်တို့ဖြင့် အကြင်သို့သော အမှုကိုပြုခဲ့ငြားအံ့ ထိုဒေဝဒတ် ပြုလုပ်သမျှ ပြောဆိုသမျှသည် ဒေဝဒတ်၏ အပြုအမူသာဖြစ်သည်ဟူ၍၊ မှတ်ယူရမည်။ ဘုရား တရား သံဃာတို့၏ အပြုအမူမဟုတ်၊ ဤသို့သော ဒေဝဒတ်၏ အလုပ်ထင်ရှင်းအောင် ရာဇဂြိုဟ်ပြည်၌(ပကာသနီယကံပြုကြလေ)။

ဟုဘုရားမြတ်စွာခွင့်ပြုတော်မူသည်ဟု ဆိုလိုသည်။

ထိုစကားကို ထောက်ဆလျှင်၊ လူသေလူဖြစ် စာအုပ်ပါစကားရပ်များသည်၊ ဗုဒ္ဓသာသနာတော်ကြီးနှင့် တိုက်ရိုက်ဆန့်ကျင်ဘက်ပြုသော စကားရပ်များဖြင့် ပြည့်နှက်နေသောကြောင့်၊ ဗုဒ္ဓ ဓမ္မ-ဝိနယကိုယုံကြည်မှုမရှိလျှင်၊ထိုဓမ္မဝိနယကို ဟောတော်မူသော ဘုရားရှင်ကိုယ်တော်မြတ်နှင့်၊ ထိုဓမ္မဝိနယနှင့်အညီ လိုက်နာကျင့်သုံးသော သံဃာတော်များကို လည်း၊ ယုံကြည်လေးမြတ်မှုမရှိ၊ ရှေးက ယုံကြည်လေးမြတ်မှု မရှိခဲ့သော်လည်း၊ ယခုမရှိ-ထိုကြောင့် ဒေဝဒတ်ကို ပကာသနီယ

ကံဖြိုသကဲ့သို့- ပကားသနိုယကံ ဖြိုထိုက်သည်ဟု ဝိစစ်ဝေဘန် ဝေါ်မူကြသည်။

ဤသည်လျှင် (၂)-ဂ-ဒုတိယပြဿနာဝိစစ်ဝေဘန်ချက်တည်း။

အကျဉ်းချုပ်ဆွန်ပြချက်။

လူသေလူဖြစ်စဉ်စာအုပ်၌ ပါရှိသော၊ ဖေါ်ပြခဲ့ပြီး သောစကားပိဒ်များသည်၊ ဘုရားရှင်ကိုယ်တော်မြတ်ကိုယ်တိုင် ဟောတော်မူအပ်၊ ပညတ်တော်မူအပ်သော တထာဂတ္တာပ္ပ ဝေဒိတဖြစ်သော၊ ဓမ္မဝိနယတို့နှင့် တိုက်ရိုက် ဆန့်ကျင်ခြင်း၊ ထိုစာအုပ် စကားဝိဒ်များဖြင့် ထိုစာအုပ် ရေးသားသော ပုဂ္ဂိုလ်သည်၊ ဘုရား-တရား-သံဃာဟုဆိုအင်သော ရတနာ သုံးပါးအား ကဲ့ရဲ့ရွဲတ်ချကျေးမဲ့ကိုသာ အကြိမ်ကြိမ်အထပ် ထပ်ရေးသားခြင်းကြောင့်၊ ထိုလူသေလူဖြစ် စာအုပ်ကို၊ ရေး သားသောပုဂ္ဂိုလ်ကို အောက်ပါဆုံးဖြတ်ချက် အကိုင်း၊အပြစ် ကျရောက်သည်ဟု မန္တလေးမြို့ နိုင်ငံတော်ဝိ နည်းမိုရ် ဆရာ တော်ကြီးများက ဆုံးဖြတ်၍ ဩဝါဒပေးတော်မူကြသည်။

ဆုံးဖြတ်ချက်ဩဝါဒမိန့်ခွန်း

(၁) ဝိနည်းကံအားလျော်စွာ ရဟန်းတော် များကား ဥဒ္ဓေပနိယကံဖြင့်ထိုက်သည်။

(၂) လူများက၊ အာသာဒပဝေဒနိယကံဖြင့်ထိုက်သည်။

(၃) တိတ္ထိယ ပဗ္ဗဇ်နှင့်မဖြစ်၊

(၄) ဝိနည်းကံ ဒေးဖျော်စွာ၊ ပဘာသနိယ ကံ ဖြင့်ထိုက်သည်။

လူသေလူဖြစ်

စာအုပ်မှကောက်နှုတ်ချက်များ။

ရေးသားသူ —ဒေါ်ရှင်ညက်ဌေး၊ ပေလေးပင်နတ်မှိတောရကိုက်၊ တောင်တွင်းကြီးမြို့။

စာညှိုးဖြတ်ထုတ်ဝေသူ—ဒေါ်ရှင်ဝါသဝ၊ ဗုဒ္ဓဝါဒသိပ္ပံကျောင်း ရန်ကုန်မြို့။

၁၉၅၈—ခု၊ ဇွန်လ။

အပန်းလွှာ(၈)တွင်

လူသေလူဖြစ် ဆိုတဲ့မန္တာန်ကို ရတ်အံ့လိုက်သည်နှင့်တ ပြိုင်နက်၊အတိတ်နှင့်အနာဂါတ်ဆိုတဲ့ဝိစိ::ကီ ဋ္ဌာရဲ့နယ်ပယ်ကြီး တွေပျောက်ကွယ်၍သွားပြီးဖြစ်ခြင့်မည်။ထိုအခါအခံရဆိုးဝါး လှတဲ့(ဝါ)ကြောက်ဖွယ်လန့်ဖွယ် ကြက်သီးဖြန်း၍ကျောချမ်း ဖွယ်ကောင်းလှတဲ့ ငရဲအိုးကြီးတွေလဲ ရိုက်ခွဲပြီးဖြစ်၍သွားပေ လိမ့်မည်။ပ။

ရှေး.... ခေတ်ပေါ်လူသားသည် ဤကပ္ပါမြေကြီး၏ အောက်အစွန်းနှင့် အထက်နခမ်း၏ အပေါ်ကို ရှည်လျားလ သောလူ၏ ဝိမံသဝိစာရဏနှင့်ယှဉ်သောသုတသနမောင်းရုံး နှင့်လှမ်းပြီးအကြိမ်ကြိမ်စမ်းသပ်ရာဖွေ၍ပြီးခဲ့လေပြီ သို့ရာတွင် ဘယ်ငရဲမီးနှင့်မှ မတွေ့မထိဟု အပြင် ဘယ်ကဲ့သို့သော ဘုံနန်း ငြာသဒ်ငှက်မြတ်နားနှင့်မှလဲ အငြိအထွယ်မရှိခဲ့ချေ။

ထို့ကြောင့် လူသားဆိုတဲ့သတ္တဝါ သေဆုံးပြီးသွားတဲ့ နောက်အခါ၌ အဂယ်စင်စစ် ဖြစ်ခွင့် ဖြစ်စရာ ဖြစ်ဖို့အလား

အလာမျှားရှိခဲ့သေးလျှင်၊ လူမှတပါး၊ အခြားဘာမှဖြစ်စရာလဲ မရှိ။ပ။ လူသားသည် လူသေလျှင် လူသာဖြစ်၏ဟု ဆိုအပ်သော သဘာဝအမှန်ကိုသဘောပေါက်သည်နှင့်တပြိုင်နက်၊

(၁) ဒိဋ္ဌိမမ္မကြောက်မြင်သဘောဖြစ်လေတော့၏။

(၂) ပတ္တမမ္မ နှားကြားသဘောဖြစ်ခြင်းတော့၏။

(၃) ဝိဒိတမမ္မ နှာခေါင်းနှင့် လျာတို့သဘောဖြစ်လေတော့၏။

(၄) ပရိယောဂါဠမမ္မ ကိုယ်ကာယတခုလုံးပြန့်နှံ့၍ ဝါ-စိတ်ထုံ၍အကျိုးရှသောမနက္ခွေ၊ ဝါဟဒယတို့သဘောဖြစ်လေတော့၏။

(၈) လူသေလျှင်လူဖြစ်ခြင်းသာလျှင်၊ နိယာတဖြစ်သည်။ ဘာ၊ လူဖြစ်မြဲသည်၊ ယင်းသို့ မြဲမှသာလျှင် သမ္မောဓိပရာယန ဖက်သို့ တိုးတက်၍ သွားနိုင်သည်ဟူသော ဗုဒ္ဓ၏အာဘောဂ ဘော်နှင့်ကိုက်ညီ၍ဆိုလျော်မည်။

(၈) လူသားသည် ခန္ဓာပျက်ကြွေ သေဆုံးပြီးသည်၏ နောက်၌ ငရဲကောင်၊ တိရစ္ဆာန်ကောင်၊ ပြိတ္တာကောင်၊ အသုရကယ်ကောင်များးလည်းမဖြစ်နိုင်တဲ့အပြင်။ အထက်ကောင်းကင်ဝေဟာတခွင်မှာ ကျင်လက်ကျက်စား ပြေးလွှားနေကြတဲ့ နတ်နှင့်မြဟ္မာပြောင်ပြောင်လက်လက် ကိုယ်ရောင်တွေထွက်နေတဲ့သတ္တဝါတွေလည်းမဖြစ်နိုင်တော့ပြီ။

ကန်တော့ပန်း။

ယ်စဉ်တောင်ကျေး ကလေးအရွယ်မှစ၍ ကာမဝင်္ဂ နှောင်မှ အလွတ်ရှောင်တဲ့ ရဟန်းဘောင်သို့ မရောက်ရောက် အောင် သွေးဆောင်သွန်သင် ပဲ့ပြင်ကျိုးကြောင်းဆိုးကောင်း ကျန်ညွှန်ပြပြီးနောက်(၉၆)နှစ်အရွယ်၌လူ့စခန်းမှလူ့နန်းသို့ သာလျှင်လည်ပြောင်းဒုံးရှာသော ကျွန်ုပ်၏မယ်ခတော်ကြီး မယ်လဝါအားရည်မှန်းလျက် ဤကျမ်းစာ ကန်တော့ပန်းကို တင်ဆက်ပါသတည်း။

(အို-ကေ-တီ)

၆။ လက်တွေ့ ဖြစ်သော လူနှင့်တိရစ္ဆာန်ကို ပဝါန အခြေခံအဖြစ်ဖြင့် မူတည်၍ ထားခဲ့ကြကုန်၏။ တိရစ္ဆာန်ကို အခြေပြု၍ပြီးတော့၊ အသူရကယ်၊ ငရဲသတ္တဝါဟူ၍ ထပ်မံ၍ခွဲခြားကြပြန်လေသည်။ ဤသုံးမျိုးကား မျက်တွေ့ လက်တွေ့မဟုတ်ဘဲ၊ ဝါ-စိတ်ကူးတို့သာဖြစ်ကြကုန်၏။

၉။ ဤသို့အားဖြင့်ဗုဒ္ဓဘာသာဆိုင်ရာဒဏ္ဍာရီစာပေတို့ ၌။ပ။တိရစ္ဆာန် ပြိတ္တာအသူရကယ်ငရဲသတ္တဝါဟူ၍လေးဋ္ဌာန၊ အထက်အာကာသတခိုမှာ၊ ကာမ၊ ရူပ၊ အသညီ၊ အရူပဟူ၍ လေးဋ္ဌာနခွဲထားလေသည်။

၁၀။ ရှေးအဘိဓမ္မာဆရာတို့သည် စိတ်ကူးဖြင့်ပင် ယူသား၏လားရာဝတိကို(ဝါ)သွားရောက်ရာဘုံဘဝကိုအမျိုးမျိုး အဖုံဖုံစုံ၍နေအောင် ဝေဖန်ပိုင်းခြားခဲ့ကြကုန်၏။ ပ။လူသား၏ စိတ်ကိုဖြားယောင်းသွေးဆောင်ခဲ့ကြကုန်၏၊ ချောက်လှန့်ခဲ့ကြကုန်၏။

၁၁။ လူ့လောကသား ဘုရားဘွဲ့ခံ ပုဂ္ဂိုလ်များတည်ထောင်ဖန်ဆင်းသော ဘာသာတရားတို့၌ အကြီးဝင်သောအတွဲဝါဒတွင်အဓိ ဂအားဖြင့်အခြေစိုက်လျက် တည်ရှိနေလေသည်။

၁၇။ ဗုဒ္ဓဘုရားရှင်၏ အနုတ္တရဒေသနာသည်၊ အသေအချာ နက်နက်နဲနဲတွေးတောဆင်ခြင်ရှုကြည့်ခဲ့မှ၊ သုံးဆယ့်တဘုံဆိုတဲ့ဝါဒကို ပြာကျအောင် ချေမှုန်းသုတ်သင်ရာတွင် ပဓါနလက်သယ်အစစ် ဧကန္တဖြစ်သည်ဟူ၍ တထစ်ချမှန်းကြကုန်ရာ၏။

၄၇။ ရပ်တွေနာမ်တွေကို ထုချေရိုက်ခွဲပြီး လက်စတုံးကုန်ဆုံးချေပြိမ်းခြင်းသို့ရောက်သွားခြင်းအားထုတ်ရန်ရည်သန်ရိုးရာ နှစ်လုံးသွင်းကာအရှင်းပင်ဗုဒ္ဓဥာဏ်မရှိခဲ့ချေ။

၅၇။ အယ်ဓမ္မောသန္နိဋ္ဌေကာ-ငါ-ဟောသော ဤတရားသည်၊ ယခုပစ္စက္ခ မျက်မှောက်ဘဝနှင့်သာ ဆိုင်၏ ဟူ၍ အကြိမ်ကြိမ် အထပ်ထပ် မပြတ်အမော ဒေလစပ်ဟောခဲ့သော ဒေသနာကိုထောက်ခြင်းအားဖြင့်၊ ဗုဒ္ဓဏ်ကမ္မဝါဒသည် ပုခက်နှင့်ခေါင်း အကြားတွင်သာ ကျက်စားကြောင်းကို အပြတ်အသတ် မှတ်ယူအပ်လေသည်။ လုပ်တိုင်းကုန်း၏ဟိုမှာဖက်၌ ရှိသည်ဟူ၍လက်ညှိုးထိုးကာညွှန်ပြအပ်သောမနောဒွါရ၊ တိုက်ထွက်အနုမာနများကို ပက်ပက်စက်စက် တိုက်ဖျက်ပြစ်ရန်မူချလိုသားအပ်လေပြီ။

၅၉။ ဗုဒ္ဓ၏ကမ္မဝါဒ အလိုအားဖြင့်ဆိုရသော်၊ ယခုစားလိုက်သောငရုပ်သီးသည် ယခုပင်စပ်ရမည်၊ အိမ်ရောက်မှစပ်မည်ဟူ၍ငန့်လင့်၍ခံနေရိုးမရှိချေ။ ယခုကိုင်မိသောမီးခဲသည် လုပ်တိုင်းကုန်း၏ဟိုဘက်သို့ရောက်အောင် စောင့်ဆိုင်းရှိမနေဘဲ၊ချက်ခြင်းယခု မီးလောင်ဘုထလာအောင်၊ လောင်မြိုက်မြဲ

ခမ္မဘာပင်၊ မိုးကိုချက်ခြင်းမခေါင်ကြွမ်းအောင်သော်ငင်း၊ သို့ မဟုတ်ရက်ရွှေ့ဆိုင်းပြီးမှ လောင်ကြွမ်းအောင်သော်ငင်း၊ ဆုတောင်းပသ၍မရချေ။ မည်မျှတံခိုးပါဝါကြီးမားလှသည်ဟုဆို ကြည်နေကြသောနတ်နှင့်ဘုရားတို့ပင် မိုးဏလောင်ကြွမ်းတတ်သော သတ္တိကိုမတားနိုင်-ဝါ-မဟန့်တားနိုင်ကြချေ။

၆၀။ ရဟန်တရားတို့ဖြင့်ပြုလုပ်သောကံဘရားသည်၊ ထိုသတ္တဝါ၏ ရဟန်အရှင်သာလျှင် ၎င်း၏အကျိုးတရားပေါ်လွင်ထင်ရှားစေနိုင်သည်၊ယင်းသို့ကံပြုရှင်၏ရဟန်ကြောင့်သက်ဆိုင်ရာ ရဟန်တရားခံထင်ထင်ရှားရှားပေါ်လွင်လာရမည့် အကျိုးတရားမှာလည်း ဖင့်နှေးရဟန်တန့် အချိန်ကို ဆိုင်းငံ့ခြင်း သဘောမရှိချေ။

၆၁။ လူသား ကိုယ်တိုင် ပြုလုပ် ကျူးလွန်ခဲ့သောကောင်းကမ်နှင့် ဆိုးကမ်များကို ခွေးရေပုရပိုက် (ဝါ) ရွှေပုရပိုက်တို့မှာ ရေးကူးမှတ်သားမည်သူ လိုပါသေးသလော။ပ။ယမမင်း၏ ရှေ့တော်မှောက်၌ ဒူးထောက်ရိုကြိုးလက်စုံမိုးပြီးသက်သေခွင့်ရလိုရငြားး လျောက်ထားနေစရာများကော လိုပါသေးသလား။

၆၂။ ဤကပ္ပါလောကအတွက် ရှက်ဖွယ်အကောင်းဆုံးကတော့၊ ထိုသည့် ယုန်ချို လိပ်မွေး ပုဇွန်သွေးတို့ဖြင့် အမြုံကဆေးကို စိတ်မပျက်လက်မပျက် ဆက်လက်၍ ပေါ်စပ်နေခြင်းပင်ဖြစ်သည်။

၆၃။ ကမ္မသကာရကောနတ္ထိ၊ ဝိပါကသဒ္ဒေ=
ဝေဒကော၊
သုဒ္ဓမ္မာပဝတ္တာန္တိ၊ ဟေတု သံသာရပစ္စယာ။

ဟူသောဒေသနာစတော်၌ အကြိုးဝင်လျက်ရှိသည်၊ဆိုလိုရင်းမှာ ကမ်ကို ပြုလုပ်တတ်သူ-ကာရကပုဂ္ဂိုလ်(၀၇)အတွေ့မရှိ၊ထို့ပြင် ထိုကမ်၏အကျိုး ဝိပါကကို၊ ခံစားသူ ဝေဒက ပုဂ္ဂိုလ်ယူ၍ မှတ်ယူကြတဲ့အတွေ့လည်းမရှိ၊ မရှိသော်တမူကား - ရုပ်တရား သာဖြစ်၏ ထိုသည့်အရှိသဘာဝဖြစ်သော ရုပ်တရားသည်ပင်၊ လျှင်၊ ထုံးအိုးတွင်းသို့ထိုး၍ နှိုက်တဲ့လက်ရော နှုတ်ဆိုက်တဲ့ အခါ၊ ဖြူလွတ်သောလက်ပါ ဖြစ်ရလေသည်၊ ကာရကဇရော ဝေဒကပါ၊ ရုပ်သဘာဝသာ ဖြစ်သည်ဟု ဆိုလိုသည်။ ထိုဒုရှိ ရုပ်တရား၏ ကြောင်း-ကျိုး-နာမ်ခံယူ၍ လှည့်လည်ဖြစ်ပျက်နေပုံ အခြင်းအရာကို သာလျှင်၊ ရှုးအဘိဓမ္မာ ဆရာတို့က သံသရာဟု ခေါ်ဆိုသမုတ်ခဲ့ကြလေသည်၊

၆၉။ ယခုသော် - ဘုံခမ်းဝါဒဝင်ရောက်လာသည်နှင့် တပြိုင်နက်၊ ထို့သည့်အမှန်သဘောတရားများ ကျဆုံး၍ သွား ရလေပြီ။

၇၀။ ဤသို့ အားဖြင့် လူသားသည်၊ အကြောက်နှင့် အမျော်ကို ရင်ခွင်ပိုက်မိသည်နှင့် တပြိုင်နက် ဟန်ဆောင် သမားဖြစ်ရလေတော့၏။ပ။ ထိုသို့သောသီလကြောင်(၀၇) ဟန်ဆောင်သူတို့ကား-ကောင်းကင်ဘုံနှင့်ငရဲခမ်းပါဝင်သော ဘာသာအယူဝါဒဟို၌ လွှင့်ပစ်၍ မကုန်ခမ်း နိုင်လောက် အောင် အနုပဿာန်းအရမ်းပေါလျက်ရှိကြကုန်၏။

၇၁။ အမျော်နှင့်အကြောက်ဟူသော အယူအဆနှစ် ရင်သည်၊ လုပ်ကိုင်းကုန်း၏ ဟိုမှာဘက်ကို လက်ညှိုး ညွှန် သွားသော အနာဂါတ်သမား ဘုရားများ တည်ဒဏ်ထောင်သော ဘာသာတို့၌သာ ကျက်စားနိုင်လေသည်။ ဗုဒ္ဓဘုရားမှတပါး အခြားသောဘုရားဘို့ကား အနာဂါတ်သမားဘို့သာဖြစ် ကြ:

ကုန်၏။ ထို့ကြောင့် ယုတို့သည်၊ ဒေကြောက်နှင့် အမျော်ကို ဆွဲရှုပေးခဲ့ကုန်၏ ဝေါတမဟုဒ္ဓကာသန္နိဋ္ဌာဿမား(၀၇) ယနေ့သမားဖြစ်၍ ပေက်တွေ-မျက်တွေဘုရားဖြစ်ခဲ့ပြီ။ သူ၏ ဒေသနာ၌ အကြောက်နှင့်အမျော်အတွက် နေရာကွက်လပ် မရှိခဲ့ပြီ။

၇၄။ ဘာသာ၀ါဒသည် ၎င်းတို့ကို မြေတောင် မြောက်၌ ပေးမည့်လူတန်းစားဟုရပ်ကို တည်ဆောင်ရမြဲပင် ။ပ။ ဗုဒ္ဓဘာသာဆိုင်ရာ ရဟန်းငယ်မှစ၍ သာသနာ၀ိုင်(၀၇) အဘိဓမ္မဟာရဋ္ဌဂုရုတိုင်အောင်လော ပွဂ္ဂိုဂ်တို့ကိုင်၏ ။ပ။ ဖန်ဆင်းတည်ထောင်ခဲ့ကြသည် မဟုတ်ကုန်လော။ ဟန်ဆောင် လုပ်ငန်း၌ ပဋ္ဌမတန်း ကျွမ်းကြင်သူများ ဖြစ်ခဲ့ကြသည် မဟုတ် ကုန်လော။

ဟန်ဆောင်လုပ်ငန်းသည် သူ့ဘ၀၏ သခ်ၤာစာ ဖြစ်၍ အကြောက်နှင့် အမျော်ကို ဆွပေးမှသည်၊ သူတို့ရဲ့ သက်ထိမ်းလုပ်ငန်းတရပ်ဖြစ်သည်၊ မဟုတ်တုံလော။ အဘယ် ကြောင့်နည်း လူသားစိတ်၌ အကြောက်နှင့် အမျော် သွေး အေးရှိသွားလေလေ၊ သူတို့၏ဘ၀ကည်ြဖူရေး ပိုမိုလှုပ်ရှား၍ မဟာဒယားအခြေသို့ ရောက်၍ သွားတတ်လေလေ ဖြစ်သော ကြောင့်တည်း။

သူတို့သည် ရည်မှန်းမြင့်မြတ်သော စိတ်စေတနာ ဖြင့်ရင်း၊ သို့မဟုတ် သူတို့ဘ၀ရဲ့ နှိုးဆော်ချက်ကို တော်လှန် ခြင်းငှာမစွမ်းနိုင်သဖြင့်ရင်း၊ လူ့ဆလာက ကားဟရပ်လုံးကို အမြဲကစေ မြှောက်ပင့်ချောက်လှန့်၍ ထားကြရကုန်၏။ ဤသို့ သောနည်းအားဖြင့်၊ လကြွေနှစ်ခုကျ၍ ဖရိန်တွေ ညောင်း

လာသောအခါ။ လူသားသည်၊ အကြောက်နှင့် အမျော်ကို ဒိန်းစွဲသလိုစွဲ၍ လာတော့သည်။

ထိုအစွဲကား အနုမြူမုံးနှင့် ခွဲယူမလောက် သဲသဲမဲမဲအစွဲကြီးစွဲ၍ နေချေပြီ၊ ထိုအစွဲကား ယခုအခါ ဘေလုံးအဖြစ်သို့တိုင်ရောက်လျက်နေချေပြီ၊ ထိုသည့်ဘေလုံးမကျေမကျွဲခြင်းမည်မျှကောင်းမွန်သော ဆေးဝါးမျှအစွမ်းထက်၍အကျိုးသက်ရောက်နိုင်မည်မဟုတ်ခဲ့၊

အထက်၌ ဖေါ်ထုတ်ခဲ့ပြီးသော ဘာသာကြီးလေးမျိုးတို့တွင်၊ ခေါင်းဆောင်အဖြစ် ပ၂၀င်ကြွကုန်သော ဟိုရိုလ်တို့၏၊ မူလပင်ရင်းသဘောကို၊ နက်နက်ဖနာနာ ထွေးတောင်းစားခဲ့လျှင်၊ သူတို့သည် စိတ်ကောင်းကောင်းစတာနဲ့သန့်သန့်နှင့် လူ့ဘောင်ကို ဒုါဖရှာင် စွန့်ပစ် လာသူများဖြစ်ခဲ့ကြကုန်၏။

လောကသားကို ကယ်တင်ရန်ဟူသော တကယ်မြင့်မြတ်တဲ့ ရည်မှန်ချက်ဖြင့် ထွက်လာခဲ့သူများလဲ ဖြစ်ကြကုန်ပြီ သို့ပေတွင် သူ၏ ဘဝအခြေအနေက ဖန်တီးသွန်သင်မှုကို တွန်းလှန် ခုခံခြင်းငှါ မမစွမ်းနိုင်ကြ သောကြောင့် အမြောက်နှင့် အမြှေ ကလုပ်ငန်းကို တန်းလန်းစွဲ လုပ်ကိုင်ကြရလေ၏ သတည်း။

၇၇။ ဗုဒ္ဓဘာသာဆိုင်ရာ အဘိဓမ္မာ မဟာရဋ္ဌဂုရုကြီးပင်ဖြစ်စေး၊ ၎င်းတို့ဟာပြဿာ တရားတော်၏ အနှစ်ကား နှစ်ခုမပြား တသားတည်း တခုတည်းပင်ဖြစ်၍ နေပေလိမ့်မည်။ ၎င်းကားအခြားမဟုတ်ခဲ့၊ လူသားတို့ အခက်ကြောက်နှင့်အဖမျှော်ကိုဆွဲ၍ ပေးသော (၀၊) မီးသောင်လေပင့် လုပ်ပေး သော တရားသာလျှင်ဖြစ်ပေသတည်း။

ငင်းတို့အသီးသီးဟောပြကြသော ဓမ္မစက်၌ တခု တည်းသော ထူးခြားချက်ကား၊ မိမိ၏ ဘာသာဆိုင်ရာ ကောင်းကင်ဘုံနှန်းသို့ အရောခြားသော ဘာသာဝင်များကို တက်ရောက်ခိုလှုံခွင့်မပေးဘဲ၊ ငရဲကိုမူ လူသားအားလုံးဘုံဆိုင်း နိုင်ငံဖြစ်လုပ်ထားသော အယူအဆပင်ဖြစ်သည်။

၈၀။ ဘာသာကြီး လေးမျိုးဆိုင်ရာ ဘာသာရေး ခေါင်းဆောင် ဘုန်းတော်ကြီးများ သို့အာ နာလျက် ထပ်ဆင့်၍ ကြည့်လိုက်ရာ၊ အလွန်ပကာရပြီး အံကိုက်လျက် နေသည်ကိုတွေ့ရချေသည်=ငင်းတို့သည် ဘဝတူအလုပ်တူများ ဖြစ်ကြကြောင်းကို၊ အထက်၌ ထုတ်ဖော်ခဲ့ပြီ၊ ယင်းသို့ အလုပ်တူခြင်းကြောင့်၊ အမြဲတန်းရန်သူဘဝ၌ တည်မြဲနေကြ ကုန်သည်။ပ။ ဗုဒ္ဓဘာသာဝင် ဖုန်းကြီးသည်ငင်း၊ပ၊ သူနှင့်ဆိုင် ရာလူထု၏ ရှေ့မောက်၌ အခြားဘာနှင့် ဖုန်းကြီးများ၏ အားကြောင်းကို မသင့်မတော် မလျော် မကောင်းမှုသာလျှင်၊ ထုတ်ဖော်၍ ပေါင်းမွန်သင့်လျော်ကန်ခဲ့သော်၊ ဖုံးဖိ၍ ထားမြဖြစ်သည်။

အဘယ့်ကြောင့်နည်း၊ မိဒဘဝ တည်မြဲရ အတွက် အားဆက်၍ ပေးနေသော လူဒုထဲမှာ တဦး လေ ခွဲထွက်သွားပြီးလျှင်၊ အခြားတဖက်သို့ကူးပြောင်းကာ ပစ္စန်း လေးပါး ဒါယကာအဖြစ်သို့ ရောက် ါသွားမည်ကို စိုးရိမ် သောကြောင့်ဟူပေး

ငင်းကားသူတို့ရဲ့ ဘဝကူးပေးထားသောကြောက်ကြမှ (၂၀၂)မူဆွေးမှုဖြစ်သည်။သူတို့သည်၊အခြောက်နှင့်အမြောက်ကို လက်နက် ပြုလုပ်၍၊ ဘဝ တိုက်ပွဲကို ဆင်နွှဲနေကြ ကုန်၏။ ဤသို့သော လုပ်ငန်းကို သူတို့ရဲ့ ယဉ်ကျေးသော ဝေါဟာရ

အသုံးအနှုံးဖြင့်၊ သာသနာပြုလုပ်ငန်းဟူ၍ကင်ပွန်းတပ်ထား ခဲ့လေသည်။

၀၅။ ဘာသာပြန်ဆိုရေးမျိုးဆိုင်ရာ အဆိုပါ ဘုန်းတော်ကြီးများသည်၊ မိမိတို့ ဘာသာဝင် လူသားဇာ စိတ်ဓါတ်တွင်ဥာဏ်ဒါန (၁)အစွဲဆိုင်ရာဘေလုံးကိုဟရားသော နည်းဖြင့်ဆေဝင်း၊ (၀၆) မတရားသောနည်းဖြင့် ဒသင်္ဂဝင်း သွင်းရှေးပေးခဲ့ကြကုန်သည်။

ဥာဏ်ဒါန်အစွဲဘရားပင်မိုပြီးသောလူသားသည်း အရက် ဖိုး(၀၆) ကိန်းဂဏန်းဘဝသူကဲ့သို့ ဆွဲဘိသွတ်ကယ်တင်ရန်အလွန် ဟာန် ခဲကဲသော ဘဝသို့ ဆိုက်ရောက်ပြီး ဖြစ်၍ နေလေပြီ။ ဘုန်းတော်ကြီးတို့သည် ဤအထက်က ကျန်ပ်တို့ ဖေါ်ပြခဲ့သည့် ဘေဘိုင်း၊ အခခြောက် နှင့် အခန်ဖြောင်းတို့ကို ရေလဲ အမျိုးမျိုးနှင့် သုံး၍ လူသားကို ဆွဲနှုံးခဲ့ကုန်ပြီ။

၀၂။ ဤအထက် အချက်ကို သွက် သွက် လက် လက် နားသည်မှုရှိပြီးဖြစ်သောဘုန်းတော်ကြီးကမူ ၊၀၊ အန္တရာယ် အပေါင်းမှ လုံး၀ ကင်းကွာတ်ကင်းသွတ်လိုသောလူသားသည်၊ ဘုန်းတော်ကြီးများရဲ့ အဆုံးအမကိုပိုကျပြတ်သားစွာ လိုက် နာရမည်၊ ပုတီးကိုကိုင်းစား၍စိတ်ရှမည်၊ အလှူဒါနကိုခွဲစိတ်ဆတ်ုး ရှမည်ဟူ၍၊ ပေါသလ့ရှိကြကုန်၏။

၀၃၊ မြေငလျင်လှုတ်ခြင်း၊ နေလကြပ်ခြင်းဟိုဟာကြောင့် သာသနဝန်ထန်းတို့ရဲ့ ကြက်သရေခန်းမှာ လာဘ်လာဘ ဖြင့် ပြည့်သွန်းခဲ့မောက်၍လာလေသည်။

၀၄၊ ဥာဏ်ဒါန တည်းဟူသော အစွဲဘေလုံး ညှပ်၍၊ ဘာသာရေး မိုင်းမိနေသော လူသားသည်၊ အဝိဇ္ဇာဏာက

ဖြစ်သော သင်္ဘ၌ ရှိပစ္စည်းတို့မှ အနာရောဂါ မျာ ကို၊ ပျောက်ဘင်းစေတတ် ပြုစုခဲ့ခြင်းသော ဟံသာဝတီဝင်ဒိယည်ဟု၊ ယုံကြည်ခဲ့လေသည်။ ဥပ ာ သူးဟဝ်ဗဉ်(ဝါ)ထူးမြတ်သော ပုဂ္ဂိုလ်တို့၏ အရိုး၊ ဂုဏ်းတို့၏ အဝယ်ဆံပင် ပါ၊ ညောင်သား ညောင်ရွက်စသည်တို့သည်၊ လူသား၏ ရှင်နွားကိုယ်၌၊ စွဲကပ် စိုရောက်လာသော ရောဂါအကျိုးမျိုးတို့ကို၊ ဆင်းစင်ပျောက် စေရန်၊ ပရိတ်မန္တာရွတ်ဆတ်ကြွေကုန်၏၊ ဓါတ်တော်မွေတော် စသည် တို့ကို ရှိခိုးကြွေကုန်၏၊ ဤ ရှိခိုးတဲ့အခါမှာ ကန်တော့ ပွဲကသေး ပါမှ ပိုမို၍ အကျိုးပေး သနတယ် ဆိုကိုး၊ အဲဒါလဲ သာသနာ့ဝင်ဆန်း ျားအတွက်စားလမ်းတခုတဲ့ ေ ့!။

၉၅။ ယခု ကာလ ကျွန်ုပ် တို့၏ တိုးတက် နေသည်ဟု ိုကြစား ခေတ်သမယ ဥ်ပင်၊ ဓါတ်တော် ဆံတော်အံ့တော် ဝတ်ရုံဟော် တို့၏ တန်ခိုးအာနုဘော်ဟု ယုံကြည် နေသူတွေ အနန္တ အရေအတွက် ကိုလွန်အောင် ပေါများလျက် ရှိနေကြ ဲသည်တကား။

၉၆။ ယနေ့ကပ္ပါဥ် ဝိဘာရဏာဉာဏ်ယှဉ်သည်၊ မာရ် ့ ်ဒိုသည်(ဝါ)မကောင်းကျိုးပေးတတ်တဲ့ နတ်မိစ္ဆာ ရှိသည် ဟူသော အချက်ကို မယုံကြည်တော့နေ။ ထို့ပြင် နတ်မိစ္ဆာ ဖန်းတားမှုခြင်း သူ့မှာရောဂါရှိသည်ဟူသော ဝါဒကိုလည်း စဉ်းစားဉာဏ်ရှိသူတို့က ထွ ်ထွမ်ကြလေပြီ။

သူတော်ကောင်းသူတော မြတ်တို့ရဲ့ အရိုးဓါတ်များမှာ အခြားသတ္တဝါတို့၏အရိုးထက်ပိုလွန်ကဲသောတန်ခိုးပြာဋိဟာ ရှိသည်ဟူသော အချက်ကို၊ ယနေ့ခတ်ပွါးစဉ်းစားဉာဏ်ယှဉ် ေးက ယုံကြည်ခြင်းမရှိတော့ခဲ့ချ၊

တော်သည်ဖျဉ်စဉ်းကိုသက်နှံးဟူ၍ ငင်းမခွဲခြားတော့စဲ

အဝတ်ဟူ၍ တသားထဲမြင်ကြလေ၏၊ သူတော်ကောင်းတို့ရဲ့ ဆံပင်ဘဲညိုးဟူသေး အခမ္ဘးသည်၊ မြင်းမိထက် ပို၍၊ အနာရောဂါကို၊ ပျောက်ခေစနိုင်သည် ဟူသော ဥပါဒါန်ကိုလည်း၊ ယခုခေတ်၌တော်လှန်ကြလေ၏။

ယခုအခါ၌ မြင့်မြတ်သောဓါတ်တော်မွေတော် စသည်တို့ကို၊ ဘာသာရေး အမှိုက်သရိုက်များ ဖြစ်သည်ဟု၊ ကျွန်ုပ်တို့သေချာထင်ထင် ဒီမြင်ကြကုန်ပြီ၊ ငွင်းဘို့ကို အသုံးပြုနေသူတို့သည် ယောကျ်ားဖြင့် မရိုးမဖြောင့်သူတို့သာဖြစ်ကုန်၏ ငွင်းဘို့ အားကိုး အားထားပြုနေသူတို့ကား လူ့အမျိုးသားသူငါဖြစ်ကြ ကုန်၏-ဤသို့ပေါယုံကြည်မှုတို့ကြောင့် ဥပါဒါန်သက်သက်မျှဖြစ် ဘဲကုန်၏။

၉၇၊ ရှေးလူတို့သည် ဓါတ်ဘေဘီ မွေတော် ကျောမှာကုစားနိုင်သော (၁၀) ရောဂါအမျိုးမျိုးကို ပယ်ခွါနိုင်သော တန်ခိုးသတ္တိပြည့်စုံစွာ ရှိသည်ဟူ၍ ကားမယုံကြည်ခဲ့ကြချေ။ သို့ရာတွင် ဟန်ဆွေ-မြေပုတ်- နတ်ဘီလူး- နတ်မိစ္ဆာတို့သည် ထိုထို ဓါတ်ဘေဘီမွေတော် များကို ဝေဂျာက် ရွံ့ထိပ်လန့်ကြသည်ဟူ၍ငါးဖုန်းကြီးကျောင်းမဂုဏ်တော်ပုတီးယူဆောင်းလျှင် မကောင်းဆိုးရွားများ ထွက်ခွာပြေးကြသည်ဟူ၍ငင်၊ မဟာကောင်းဆိုးရွားနတ်မိစ္ဆာများတို့သည်၊ ပရိတ်ချီပရိတ်ပန်းကို ချေးချန်းအောင် ကြောက်ကြသည် ဟူ၍ငင်း၊ ငင်းတို့ သည် ကြေးစည်သံခေါင်းလောင်းသံကို နားမခံနိုင်အောင် လန့်ကြသည်ဟူ၍ငင်း လူမမာ-သို့မဟုတ်၊အိမ်ဝိုင်းတို့ကို ပရိတ်ရေ ရိတ်သဲဖျန်းပက်လိုက်သျှင် ငင်းတို့သည် ကမန်းကတန်း အရှိမ်းဆုတ်ပြေးကြသည်ဟူ၍ငင်း စုံလမ်းယုံကြည်ခဲ့ကြကုန်၏။

ထိုခေတ်သမယက၊ ဘာသာရေးဝန်ထမ်း ဖြစ်ကြ

ကုန်ဓသော ပုန်းကြီး ရဟန်းများသည် ရွှေငွေ စသော လောဘ လောဘငါးကိုများသူ ဖမ်းသူ တို့ဖြစ်ကြရာ ဓါတ်တော်အံတော် ဆံကော် တောင်ဝှေးတော် လက်စဂါး တပ်တိုင်တော် စသည် တို့ကိုငါးစာဒေဖြစ်ဖြင့် အသုံးပြုခဲ့ကြကုန်၏။

၁၁၄ ။ဤတန်ခိုးပြာဋိဟာ ဆိုတဲ့ ကိစ္စ တို့သည် မဖြစ်နိုင်ယုံမျှမကမူ၍ စဉ်းစားဓေဘန်ညာဏ်ရှိသော လူသားတဦး တာလေတွင် စဉ်းစားဉာဏ်ဝင်၍ မဆင်ခြင်နိုင်သော် အရာများလည်းဖြစ်၍နေချေသည်။ ယခုခေတ်၌ပေါက်ဖွားဂ်ဆင်ခြင်တုံတရားလက်ကိုင်ထားသောလူသားသည် ထိုထိုပေါ်ပြခဲ့သော တန်ခိုးပြာဋိဟာများကေန်မူအတိတ်ကာလ၌ ဖြစ်ပျက်ခဲ့ဘူးပြီးဟူ၍၄င်း။ ထို့ပြင်လာလတံ့သော အနာဂါတ်ကာလ၌ လည်း ထိုသည့်တန် ခိုးပြာဋိဟာများ ဖြစ်ပေါ်လာလိမ့်မည်ဟူ၍၄င်း မယုံကြည်ကြတော့ချေ။

၁၁၉။ ပုန်းကြီးများကို ပရိတ်မန္တာန် ရွတ် ဖတ် စေခြင်းဖြင့် ၄င်း မိမိတို့ကိုယ်ကိုင် ဆုတောင်းပတ္ထနာ ပြုခြင်းဖြင့် ၄င်းပလိပ်ကပ်စသော ရောဂါဘေးရန်ကပ်များကို တားဆီးရန် သူတို့ကျိုးပန်းခဲ့ကြကုန်၏ သူတို့သည် ဓါတ်တော် မွေတော်များကို ပူဇော်ခဲ့ကြကုန်၏၊ သူတို့သည် ဓါတ်တော် မွေတော် ၎ဒုးကျိုး တန်ခိုးကြီးသောရုပ်တုဆင်းတုများကို သခဲ့ကြကုန်၏၊ အတိုးအမှတ်အကအခုန်အမျိုးစုံဖြင့် နင်းကွန်းတက် ကြကုန်၏ လူအများစုပေါင်းပြီး ဆုတောင်းပတ္ထနာ ပြုပွဲများကျင်းခဲ့ကြကုန်၏၊ ဆိုရာတွင် ဆုတောင်းပတ္ထနာ ပြုတဲ့အသံသည် ဂရုဏာကင်းမဲ့သောဓဏ ထဲတွင် အစအနတခုမျှမကြီဘဲ မပြုန်းတီးသို့မြန်းမှာလေပြီ၊ ပလိပ်ကပ်ရောဂါကြောင်းဖြစ်မြဲအတိုင်း ဖြစ်လျက်ပင်နေချေသည်တကား။

၁၁၃။ မာရ်နတ်နှင့် တကွသော အပေါင်းပါနတ်ဆိုး နတ်ဝါး နတ်မိစ္ဆာများကို ယုံကြည်မှုသည်၊ ဘာသာတိုင်း လိုလိုတွင် အရေးကြီးသောကဏ္ဍမှ ပါဝင်ခဲ့လေသည် (၀၅) အားလုံးလိုလိုသော ဘာသာတို့သည် ပဓါနအင်္ဂါမြစ် တခု ဖြစ်စေကြ ထိုသို့သော အကြောင်းကြောင့် မာရ်နတ်ပင်းနှင့် တကွသော နတ်မိစ္ဆာများ၏ ဘည်ရိမှုကို ငြင်းဆိုခဲ့လျှင်၊ ဘာသာအားလုံးကို ငြင်းပါယ်ရာကျလိမ့်မည်။ အမှောင်နယ်သားဖြစ်တဲ့ ဤနတ်မိစ္ဆာများကို ငြင်းပယ်ခဲ့သော် ဘာသာရေးကျမ်းစာတို့၌ အကြီးဝင်သော ဟောဒေါဝါဒချက်များနှင့်ကဏ္ဍကောစဖြစ်၍ နေပေလိမ့်မည်။ အကယ်တစေ ဤမာရ်နတ်ဆိုတာ တကယ်မရှိတဲ့ အရာဖြစ်ခဲ့သော် အမှားမှား မှသားများဖြင့်ဖုံးဖိ၊ အံ့သြဘွယ်ကောင်းများ တန်ခိုး ပြာဋိဟာ်များဖြင့်ဖုံးဖိ၊ ဒဏ္ဍာရီများ ယုံကြည်မိုးကားများဖြင့်ဖုံးဖိ၊ ရှေ့ဂါဖုန်းတော်ကြီးများ တည်ဆောက်ခဲ့သော ဘာသာအဋ္ဌိုးကြီးသည် ယူစရာ-ရှုစရာပုံသဏ္ဌာန်ရှိ ဖရအောင်ပြိုလဲပျောက်ဆုံးသွားပေလိမ့်မည်ဟုကား။ မြေလက်ခံပင်ဖြစ်ခဲ့သတည်း။

၁၁၄။ နတ်မိစ္ဆာများရှိခြင်း သက်သေသာဓကရှာမရနိုင်သလိုပင် ဤကောင်းကင်တမာန်တော်များ အကွက်လည်း အခက်ကြုံနေရခဲ့သည်။

၁၁၇။ ၎င်းဘုရားရှင်တို့၏ ရည်ရွယ်ချက် အစစ်ကား လူသားတို့၏ ဒုဿီလာဏ်တိုး ဘက်ဖွံ့ထွားရေး အမှားနှင့် အမှန် ဝေဘန်နိုင်ရန် ယင်းသို့ဝေဘန်ပြီးနောက် အမှားကိုလွှဲ၍ အမှန်ကိုကျင့်သုံးနိုင်ခန် မဟုတ်ခဲ့ချေ ဘုရားသခင်သည် ဉာဏ်ပညာကင်း မဲ့သူ လူသားအား အမိန့်ကို နာခံဖို့ မှတပါး အခြားဘာတခုမျှ သင်ပြသွန်ကြားခြင်း မပြုလုပ်ခဲ့ချေ။ပ။

သူသည် အမေးအမြန်း အစုံအစမ်း ပေးတဲ့လူများနှင့် ဒီတို့ ဘယ်နေရာမှကျောနပ်တော်မူလေသည်။

သို့သော် အဲဒီ ကောင်းကင်ဘုံနန်းနှင့် ငရဲဆိုတာ ဘယ်နားမှာရှိပါသလဲ အာမုန်မှာ တိမ်တိုက်များ၏ အုတ်တွင် ကောင်းကင်ဘုံမရှိဟူ၍ရင်း၊ ကပ္ပါမြေကြီး၏ အောက်ထဲတွင် ငရဲမရှိဟူ၍ရင်း။ ယခုအခါ ကျွန်ုပ်တို့ သိကြလေပြီ၊ ကောင်းကင်ကို ကြည့်တဲ့ မှန်ပြောင်းကြီး များကို တီတွင် အသုံးပြု လိုက်သည်နှင့် တပြိုင်နက် ရှေးလူတို့ အမှန်ယုံကြည်ကြသော နတ်ပြည်၊ ဗြဟ္မာပြည်ဆိုတဲ့ ကောင်း ကင်ဘုံနန်း တွေဟာ၊ နေရောင်ခြည် ကတွေ့ကြောင့် ဆီးနှင်းပေါက်ကဲ့သို့ တခုပြီးတခု ဆင်းခါ ဆက်ခါ ကွယ်ပျောက်၍ သွားကြရာလေပြီ။

ထို့အပြင်လည်း၍နေသော ဤကမ္ဘာမြေကြီးလဲ၊ ရှေးလူတို့၏ငရဲမီးကဲ့ အပြီးတိုင်ငြိမ်းသတ်လိုက်လေပြီ။ဘာသာရေးဆရာကြီးတို့ တည်ထောင်ဖန်ဆင်းခဲ့သော ဤစိတ္တဇကပ္ပါလောကကြီးသည်၊ အလင်းရောက်လျှင် အမှောင်ပျောက်သကဲ့သို့၊ ချက်ခြင်း-လက်စတုံး ကွယ်ပျောက်ဆုံးခြင်းသို့ ဒုန်းစိုင်း၍ သွားကြရာလေပြီ။

ထိုငရဲနှင့် ကောင်းကင် ဘုံနန်း၏ တည်နေရာဌာနကို၊ မည်သူမှမသိခဲ့ဧချ။ (၀၇) သိပါသည်ဟု ဝန်ခံပြောခဲ့ဘူးသူလည်း ကပ္ပါသမိုင်းစဉ်၌ မထင်ခဲ့ဧချ။ ဒါပေမယ်လို့ ငရဲရော ကောင်းကင်ဘုံနန်းကိုပါ-ချွတ်လွဲလို့ မရအောင် စွဲစွဲမြဲမြဲအသဲခိုက်ယုံ ကြည်နေသူတို့ကား အသင်္ချိအနန္တအလွန်ပေါများလှပေသည်တကား။

၁၃၄။ အားလုံးသော ဘာသာကြီးတို့မှာ သက်ဆိုင်ရာ

ဓမ္မကျမ်းစာ ဒသီးသီးရှိကြကုန်၏ ပ-ဗုဒ္ဓဘာသာတို့မှာပိဋကတ်
တော်များရှိသည်၊ ပါ၊ ၎င်းတို့သည်၊ မိမိတို့ ဒေရိုးဖလာ ယုံ
ကြည်၍ လာခဲ့သော ကျမ်းစာကို၊ မယုံကြည်သူအခြားလူတို့
ဟောဒီ အမြင်မှားခတ္တ (၀၇)မိန့်ဆိုဒီဋ္ဌိတွေဟူ၍ ကင်ပွန်းတပ်
နေကြရာ၊ အဘယ်မှာလျှင် ဤကပ္ပ၇်လောကဋ္ဌ သမ္မာဒိဋ္ဌိ
(၀၇)အမြင်မှန်သူရှိရေးတော့အံ့နည်း။

၁၃၆။ ထိုထို ကျမ်းစာတော်များဋ္ဌ အကြိုးဝင်သော၊
အကြောင်းအမှုး မသားနှင့် တံခိုးပြဋ္ဌိဟာရျားကို မယုံကြည်
သူတို့အား အနန္တဝေဒဏ်ခတ်ခဲ့သည်။ ။ယင်စစ်မှာ ထိုကျမ်း
စာများကို ဘတ်ရုံလေ့လာသော လူသားဓ၏ တရုတ်ည်းသော
တာဝန်ကား မှားမှား မှန်မှန်ယုံကြည်ရခြင်းဖြစ်၏။ သူ့မှာ
ဆင်ခြင်တွေးတောရန် နှိုးဆွဆပဘန်ရန် ဝတ်တရားမရှိရေး
ထင်ထင် သို့သော အကြောင်း အကြောင်း မသားနှင့် တံခိုးပြဋ္ဌိဟာများ
ကို ကာကွယ်ဖော်ထုတ်ရန်အလို့ငှါ။ သိန်းသန်းမက များပြား
လှစွာသော ထိုသည့် မုဆိုပါဋ္ဌိတ်များ၏ အာဖွဲ့သံဝဏ္ဏနာ
များကို ဖတ်ရှုသင်ယူခဲ့ကြလေပြီ။ ရေတွက်၍ မရနိုင်
လောက်အောင် များပြားလှသော တရားပွဲများကို ဆင်
နွှဲခဲ့ကြလေပြီ။

၁၃၇။ ကိုတိုတုတ်တုတ်နှင့် ဘုရားတရားကို ဖေါ်ထုတ်ရ
သော် သူတို့သည် ထိုသည့်မုဆိုပါဋ္ဌိတ်များ၏ အကျွေးအစည်
ခြင် လူသားတရပ်လုံး၏ အဖက်ဖက်ဋ္ဌ တိုးတက်မှုဟူသမျှကို
ငက်ပက်စက်စက် ဟန့်တားခဲ့ကြကုန်၏။ ချုပ်ချယ်ဖျက်ဆီးခဲ့
ကြကုန်၏။

၁၃၈။ ဘာသာရေးဆိုင်ရာခမ္ဘကျမ်းစာတို့သည်၊ အကြင်
မျိုးလောက်ကာလ ပေါ်ထုံလုံး မုဆိုပါဋ္ဌိတ်များ အဖြစ်ဋ္ဌ တည်ရှိ

ကြောင့်နှင်ဖဲ့ ထိုမျှလောက်ပင်လယ်လုံး ရှင်းတိုသည်း၊ ကပ္ပိ၏ အကြီးကျယ်ဆုံး၊ သော ဧအောင်ကြောလံ တိုသာဖြစ်၍ နေကြပေ လိမ့်မည်။

၁၄၀။ ဘုရားသည် မဒီတိုနှင့် သက်ဆိုင်ရာ မကွေပါဠိတော်များကို၊ သိစေလိုသော ဆင်ထပ်ထပ် တင်ခြင်းဖြင့်၊ မွန်းမံ ဖြင်ဆင်ရန် ကြိုးပန်းကြောင့်နှင်၊ ဒါပေမယ်လို့ ထိုထို သံဂါ ယနာဝင် ပွဲတို့ကို၊ အားလုသည်း ဧခါင်းမာသူ တယူသန် ပုဂ္ဂိုလ်ထူးကြီးများက ကြိုးစို လွှင်းမိုးလျက်နေ၍ဖြင် အမှား ထိုဖြင်ဆင်ရန်ထည့်ပါဠိကိုနှင်ပယ်ပစ်ရန်(၀၇)ပိဖျက်လိုစွက် ပြုလုပ်ရန် စွမ်းသည်နှင့် သင်္ဘာတိုမှာ အပြည့်အစုံ မသိရှိခြင်း ကြောင့်၊ သူတို့၏ ကျိုးပန်းမှုများသည်၊ စိတ်ကူးဆင့်ခွဲသာ ဘားလုံး စုဝေ ခဲ့ကြရလေပြီ။။ မကွေပါဠိတော် ကျွန်းစာကို ပုံကြည့်သူဟူ မျှသည် ဝိစာရဏာဉာဏ်ကိုမောင်းနှင် ထင်ပြီး ဆုတ်ပါးရပြောင်ပိုင်း လုပ်ရန်ရသော ကျွန်ုပ်ပေါ်ကဲ သာ ဖြစ်သည်။

၁၄၁။ ဤပါဠိတော်ကို အကြင်အရင်းဒေသ၌ အကြင် အဓိဋ္ဌာယကယဉ်ကြေးဘာသာတရားထွန်းကား၏၊ ထိုအရပ်၌ ထို အခါ၌ပင် ဧနှောင်အယှက်ကျနေတော့၏၊ ယခုလက်ရှိ ပစ္စုပ္ပန်ဘဝ သည်၊ ယခုလတ်တွေ့သော ဒုနှာဂါတ်ဘဝနှင့် နှိုင်းဆလျှင် ပေးပြုခွင့်ရသော ပါဠိတော်များသာဖြစ်ရှိရုံးကိုနောက်ဘဝတွေ့ကြ ဆုံရန် နယ်ပြမြားဖြစ်ဖြင့် သာလျှင် အသုံးပြုသင့်သည် ဟူ၍ မှန်းဆိုးများက ဟောကြားလေ့ရှိကြကုန်ကုန် = ဤကပ္ပါ လောကကြီးတခုလုံးကို၊ ဘာသာရေးက သိမ်းပိုး လွှမ်းမိုးခဲ့ ကြီးမိုးခဲ့သော ဧခတ်ကာလဧဝင်းဥ လူသားသည်၊ မည်

သည့်အရာကိုမျှမထွင်နိုင်ခဲ့ချေ။ ဘာသာအထူးအဆန်းကိုမျှစူးစမ်း
ရှာဖွေ၍ မတွေ့မရှိခဲ့ချေ။

လူသားတရပ်လုံး၏ တိုးတက်ကြီးပွားရေး စီပွား
သာယာရေး ရှင် လမ်း ပမ်း မြောက်ရေး စသည်တို့အတွက်၊
တရွေးသာ လောက်မျှ ပေါက်ပေါက်ရောက်ရောက် မလုပ်နိုင်
ခဲ့ချေ။

၁၄၃။ အနှောက် အယှက်နှင့် ပေဖျက် အဆီး တို့ကို၊
နည်းပရိယာယ်အစုံဖြင့် အားကုန် မောင်းဆုံး ဘာသာဝင်
မှုန်းဖုန်းတို့က အသုံးပြုခဲ့စေရာ၊ အနည်းငယ်မပြောပလောက်
သော ကမ္ဘာ့သားကောင်းအချို့တို့သည်၊ ဘာသာဝင်တိုင်း
က ခြောက်ခြားတဲ့ ငရဲကိုလွှမ်းကြောက် မင်းပြစ်မင်းဒဏ်ခံရ
မှာကိုလွှမ်းထောက်ပဲ၊ စဉ်းစားတွေးတောမှုကိုပြုခဲ့ကြလေသည်။

၁၅၁။ ဓမ္မနိယာမ အစဉ်ကို ပြင်ပြင်ကြီး လျစ်လျူရှု၍
ဖြစ်ခြင်တိုင်း ဖြစ်နေနိုင်သည်ဟူ၍ -ယူဆ ကြသော တံခိုးပြုဋ္ဌ
ဘာကိုမှ ဟယ်နည်းနှင့် မျှ ကျွန်ုပ်တို့ မယုံကြည် နိုင်ပေ။ ဆိုးဒုံး
ဒဏ်ခိုးဘုံ ထွန်ညှိပူးစော်ခြင်း၊ ဒုံးထောက် ရိုကြိုး ရှိခိုးခြင်း၊
ကျွေးမွေးညှဉ် ခေါင်းလောင်း ထိုးခြင်း၊ ဓမ္မသီးချင်းကြူးရင့်ခြင်း။
ဂုဏ်ဟော်ရွတ်ဘတ်ခြင်း၊ ပုတီးစိတ်ခြင်း၊ ဥပုသ်ဆောင့်ခြင်း၊
ဆုတောင်း တွန်နာပြုခြင်းဖြင့်ချီးကပ်ရသောနတ်တို့ဘုရားတို့ကို
ကျွန်ုပ်တို့ယုံကြည်ရန်မဖြစ်နိုင်တော့ချေ။

၁၅၂။ "တရောက်ကန်းအဘိဓမ္မာ"

၁၅၃။ ဘာသာ တရား လွှမ်းမိုးလျက် ရှိသေးသော
အချို့နယ်ပယ်များ၌ ရပ်ထု ဆင်းထု-ပရိတ်ချီ ပရိတ်သဲ အရိုး
ခါတ်နှင့် ဆုတောင်း ကြွေးနာ အမှုမျိုးကို ဆေးဝါး အစွမ်းဖြင့်
အသုံးပြုလျက်ရှိကြကုန်သေး၏။

၁၇၆။ အလုပ်ကခု ပြီးခဲ့ပြောက် အောင်မြင် ခြင်း သို့ ရောက်၏၊ ထို အခါသူသည်၊ နတ်ဘုရားကို ကျေးဇူးတင်၍-ကျေးဇူးကျေး၍ ဆေးနာပြုလေးတော့၏၊ သို့ရာတွင်ထိုဆောင်ရွက်ခဲ့တဲ့ ကိစ္စ အရေးမလွန်အောင်မြင်တဲ့အခါကျတော့၊ နတ်ဘုရားကိုအပြစ် မတင်မိမိ၏ ကံအဲမွာ ကို ပြီးရလေတော့ ၏-အဘယ်မျှဆိုးဝါးသနည်း။

၁၇၇။ ကန်တော့၏ ဖုန်းကြေးက ဆုပေး၏၊ ၎င်းကို လူကြီးက်များသောကိစ္စဟုဆိုသည်။

၁၇၈။ ယခုသော်ဘာကာတရားအားလုံးနှင့်မကွပါဘဲ ကျမ်းစာအားလုံးဟာ လူသေး၏ လက်ရာဘွေဘဲ ဟူ၍ ဝိစာရဏာ ဉာဏ်ရှိသော၊ လူတိုင်းက သိမြင်ခဲ့လေပြီ၊ ဆုတောင်းပတ္ထနာနှင့် ဇရုံမင်းရိတ်ကိုဖြင့် ကောင်းကင်မှ မိုးဖွဲကလေးတပေါက်တလေကျလာအောင် မမြွှန်ခဲ့သော အချက်ကိုဂုဏ်း၊ မည်သူ၏ဆုတောင်းပတ္ထနာမှမျှ—မိုးဘေး၊ရေဘေး၊ လေဘေး ရောဂါဘေး စစ်ဘေးစသည်တို့ကို မတားဆီးနိုင်သောအချက်ကိုဂုဏ်း ယုံကြည်ချက်ကား သူ၏ကြွေးကြော်အော်မမှကြောင့်၊ မိုးဦးကျလာရသည်ဟူသော ဖါးသူငယ်၏ ယုံကြည်မှု မျိုးသာဖြစ်လေတော့သတည်း။

၁၉၃။ ဘာသာတခုကို အကန်း အရမ်း ယုံကြည်မှုလေးစားမှုသည်၊ ကြက်သရေမဂ်လာရှိသော လုပ်ငန်းမဟုတ်ပေတော့ချေ။

၁၉၄။ ဖုန်းကြေးများနှင့် အနာဂါတ်ဟောမေဒင်ဆရာတို့သည် တပြိုင်နက် ပေါ်ထွက်လာကြကုန်၍ အနာဂတဝင်ကို စဉ်ပြိုင်ဟောပြောကြလေပြီ။

၁၉၀။ ထိုသည့်အစွပြိုလဲသည်နှင့်တပြိုင်နက် တံခိုးပြာ

ဦဟာနှင့် ဖက်စပ်လုပ်ထားသော ဘာသာ သည်လဲ ဖယိုဖရဲ ဖြစ်ကာ မပြန်မဲ့လမ်းသို့ - ဆေကုန်လှမ်း၍ မြန်းရှာရမည့် ကား မြေလက်ခတ်ပင်ဖြစ်၏။

၂၀၄။ စားပေတတ်ဖို့မလို၊ ဝေဘန်ဉာဏ် ရှိဘို့မလို၊ စေတနာသဒ္ဓါဝိရိယရှိဖို့သာလိုသည်။ မဂ်ဖိုလ်နိဗ္ဗာန် နွေချင်း ပေါက်ရောက်နိုင်သည်ဟူသော ဗမာနိုင်ငံရှိ ကမ္မဋ္ဌာန်းပေး ဆရာတို့၏စကားကို အများကြီးသတိပြုကုန်ရာသည်။

၂၀၅။ ဤအချက်များကို သေချာက်ရှု ဆင်ခြင်ခဲ့သော် ဘာသာသည် လူသားတို့၏ ကိုးတန်းရေး အရှိန်ကို အမြဲ တစေ့ ဆွဲကိုင်၍ထားနေကြောင်းနှင့် ဗဟု ဘာသာသည် လူသားကို အမှောင်တိုက်၍ အောက်ချောင်နှိက် နေကြောင်းကို သိသာနိုင်သည်။

၂၀၆။ လှည်းနှင့် လှေမှော်တော်ယာဉ်ပျံ ခုန်းပျံစသည်အထိ ဖြစ်သော ဂဟပါ၏ ဘိုးတော်မှုများ ဟွင် ဘာသာ၏လက်ရာမည်မျှ ပါရှိခဲ့သနည်း၊ အနာရောဂါနည်း ပါး ရေးဘင်းစင်ရေ၊ ဓာသက်ရှည်ခြင်း၊ ပျော်ရွှင်ရေးတို့ကို အားပေးတတ်သော ဆေးဝါး ဓါတ်ဟာ အနာသက် သာ ကြောင်းကရိယာတန်ဆာပလာတို့တွင် ဘာသာ၏အကျိုးပြုမှု ဘယ်နှစ်ခုပါရှိခဲ့ပေသနည်း။

၂၀၇။ ဘာသာသည်-တိုးတက်သော အစိတ်အပိုင်း မှန်သမျှကို၊ ရှင်းမှာ အာဏာရှိခဲ့ပါလျှင် အမြဲတစေဖိနှိပ်ရှုံ့ချခဲ့ သည် ဘာသာသည် ကြီစည်တွေးခေါ်ခြင်း သုံးသပ် ဝေဖန် ခြင်းနှင့်တကွ၊ သိပ္ပံပညာ အဖြာဖြာတို့၏ ကြီးမွာသော ဇရာမ ရန်သူအစစ်အဖြစ်ကြီးဖြစ်ခဲ့ပေလေပြီ။

ဘာသာသည်၊ လူသားကို မည်သည့်အခါမျှ လွတ်လပ်
အောင်မဖန်တီးခဲ့ချေ။
ထို့ပြင် အကျင့်စာရိတ္တ ကောင်းအောင်လုလွှဲရိယ
ရှိအောင်၊ ရိုးသား ဖြောင့်မတ် အောင်၊ ကိုယ့်ကိုယ်ကို
စောင့် စည်း ထိမ်းသိမ်း တတ်အောင် ပြုပြင် မဆုံးနှင့် ခဲ့ချေ။
ဘာသာလက်ကိုင်ရှိသူများသည်၊ အာဖရိကတိုက်မှ လူရိုင်းများ
ထက်၊ အကျင့်စာရိတ္တလုလွှ ဝိရိယသံယမနှင့် ရိုးသား ဖြောင့်
မတ်မှုဆိုင်ရာမှာ၊ အဘယ်မှာသာလွန်ကြကုန်သနည်း။

၂၀၈။ သဘာဝဓမ္မ၏ အဂိုအလိုမရှိ တိကျပြတ်သား
သော ညီမျှမှုကို ယုံကြည်သူ လူသားအဖို့မှာ ဘာသာသည်
လုံးဝပင်သုံးမရသော အရာဖြစ်၏။

၂၀၉။ ကျွန်ုပ်တို့သည် ပရိတ် မေတ္တာဖြင့်ရင်း ပဒ္မာ
ဇနိယကမ္မဝါ၏ တံခိုးအာဏာတို့ကို ဖျော်ဖြေခြင်းချမ်းသာ
အောင်ပြုလုပ်နိုင်မည်သော။

၂၁၀။ လူသားသည် နိုင်ငံရေးမှ ကပ္ပါမြင့်သို့
ရောက်လာသော တိုင်းခြားသားမဟုတ်ချေ၊ စင်စစ်မှာ၌ကပ္ပါ
မြေကြီးမှပေါက်ဖွားတဲ့မြသားပင်ဖြစ်ရချေမည်။

၂၁၄။ လူသားသည် ကပ္ပါမြေကြီးခါသားထူး သား
မြတ် ဖြစ်စေကာ အခြားအခြားသော ကပ္ပါ၏ အနှစ်ရတနာ
များကဲ့သို့ပင် မိုးပေါက်ကျ(ဝါ)မိုးကျရွှေကို မဟုတ်ဖဲ့မြေကြီးက
ထုလုပ်ဖန်ဆင်းလိုက်သော အလှဆုံး အကောင်းဆုံး အပြည့်စုံ
ဆုံး အရပ်သာဖြစ်သည်။

၂၂၀။ လူ၏ကိုယ်ကာယ အစိတ်အပိုင်းတည်ဆောက်
ပုံဆိုင်ရာ၌။ပ။ အဆင့်ဆင့် ပြောင်းလဲတိုးတက်လာခြင်းဟူသော
အယူအဆအနုမာနကို ဇကန်အမှန်ဟူ၍ လက်ခံနိုင်သော် သာ

လျှင် အထက်ဖေါ်ပြရာပါ အချက်တို့ကို ယုတ်ရှိရှိ ချက်မိမိနှင့် ထိုရောက်ကြေလည်ဖွာ ဖြေရှင်းနိုင်ပေလိမ့်မည်။

၃၂၆။ လူသားသည် လွတ်လွတ်လပ်လပ်ကိုးကွယ်မှု ဟူသော အဓိပ္ပါယ်ကင်းမဲ့သည့်စကားလုံးကိုမိမိ၏ အာဘိဓါန် စာအုပ်မှ ပယ်ထုတ်၍ ပစ်နိုင်လျှင် သူသည် လူလောက သားတရပ်လုံးကို စေတနာ ထား၍ ကိုယ်ချင်းစာ တရားပွါးများနိုင်လေလိမ့်မည်။

၃၂၇။ ဗုဒ္ဓ ဝေါဟာရ သည် ဗုဒ္ဓဘာ စရိယ ဟူသော ကိုယ်ကျိုးရှာဟရားကို စရိယသုံးပါးတွင် လက်ဦးအစ ပထမ၌ ထားခဲ့သည်မဟုတ်တုံးလော။

၃၂၈။ လူသားသည် ဘာသာရေး၊ သိုမဟုတ် နိုင်ငံရေးစသော မည်သည့် အစည်းအရုံး၏ ကျွန်သပေါ်က်မျှ မဖြစ်သင့်ရေ၊

၃၂၉။ လူသေပြီးနောက် လူသားစင်စစ် ပင် အမြဲဖြစ်သည်ဟုကံသေကံမဆို မျေသေင်ကောင်းမှုကုသိုလ်နှင့်မကောင်းမှုဒုစရိုက်ဟူသော ကံတို့၏ အကျိုးတရားများ ကွယ်ပျောက်၍ သွားပေရာ၏ဟု၍ ကမ္ဘာဒီပုဋ္ဌေါလ်တို့က မသာယာသောစိတ်တို့ဖြင့်စောဒကတက်ကြွပေရာ၏၊

၃၃၀။ လူသားသည် သေပြီးနောက်၌ဆက်လက်၍ဖြစ်ရှင်းမည်ဆိုလျှင် လူမှတပါး အခြားသော သတ္တဝါအဖြစ်သို့ မရောက်နိုင်။ပေ။

မည်သူ၏ဒေသနာကိုမှ မငဲ့ကွက်ဝဲ ၊ရက်ရက်စက်စက် သံမှိုနှက်သလို လေးနက်ကြန့်မိုင် လှဲယိုင်မပို၊ ကြိုးစွာသော သမာဓိဖြင့် ထိမိဘည်မြဲ မှတ်စွဲပိုက်ကြီး နှစ်လုံးမှကြကုန်ရာသတည်း။

၃၇၄။ သူတို့သည် မည်သည့်မှုကျူပါဒ်ဌ ကျွန်းစာကိုမျှ သွတ်လွတ်လပ်လပ် ဖတ်ကြားသင်ယူ၍ စဉ်းစား ဝေဖန်မှုကို မပြုရဲကြချေ၊ သူတို့သည် ကြက်ဇူရွေးမျှားကဲ့သို့ သင်ယူခဲ့ကြကုန်၏။ပ။ သူတို့သည် အနှစ်(၂၅၀၀) ကျော် က ဓါတ်ပြားဟောင်းကြီးများကို ယခုတိုင် ဖွင့်လျက် ရှိကြကုန်သေး၏။ ဘာသာရေးဆိုင်ရာအစည်းအရုံးကြီးများလည်း ဓမ္မဆရာ ဖုန်းတော်ကြီးများကဲ့လွတ်လွတ်လပ်လပ် စဉ်းစားဝေဖန်ရန်အခွင့် မရရေးပေးနိုင်လောက်အောင် ယဉ်ကျေးမှုမရှိခဲ့ဘေးချေ။

၃၇၅။ အများဆုံးသော ဖုန်းတော်ကြီးများသည်၊ အယူသည်း ခေါင်းမာသူများ ဖြစ်ကြ၍ ဘုရားတိတ်စာပေ တို့၏ ဩဇာအာဏာကို မလွန်ဆန်ကြနိုင်ကြချေ။ သူတို့၏ဝတ္ထုရားကား- သူတို့ဘွင် အတွင်းစိတ်ဓါတ်ကို ဖေါ်ပြနိုင်မဟုတ်ခဲ့ချေ။ သူတပါးတို့၏ အယူအဆ အနုမာနကို ပြန်ဆိုရွတ်ဖတ်ခွန်သာ ဖြစ်သည်။

၃၇၆။ သူတို့သည် ဤငရဲ-ကောင်းကင်ဘုံနန်းအစရှိ သောပြဿနာများနှင့်ပတ်သက်၍စုံစမ်းစစ်ဆေးမှုကို မည်သည့် အခါမျှပြုလိုစိတ်မရှိကြချေ။ ဖုန်းတော်ကြီးများသည်၊ အထွင်သမားများ မဟုတ်ကြပေ၊ ဒူးတုလိုက် နောက်ခြောင်ခံတို့သာ ဖြစ်ကြကုန်၏။

၃၇၇။ သက်ဒေသသာဓက ယုတ္တိမျှမရတဲ့အချက်များကိုယုံကြည်မှုသည်၊ ဘာသာကိုင်းက အား ပးသော သူတော်ကောင်းတို့၏ ဘုစာရတနာဖြစ်သေးသည်၊ လိုရင်းဆိုရဒေသာသူတို့သည်စားရေး-သောက်ရေး-ဝတ်ရေးအတွက် ယုတ္တိယုတ္တာကင်းမဲ့သော အကြားအာမွေးနှင့် တံခိုးပြုပြီဟာများကို ပြောဟော၍နေကြရကုန်၏။

စစ်ဆေးဝေဖန်မှုသည်ယုတ်မာသော လုပ်ငန်းဖြစ်သည်
ဟူ၍ရင်းစဉ်းစားတွေးတောမှုသည်ရဲတံခါးကိုဖွင့်သောသော့
ဖြစ်သည်ဟူ၍ရင်း၊ ပြောဟောလျက်နေကြကုန်၏၊ ကောင်းမြတ်
သောပါရမီကုသိုလ်ဟူသမျှသည် အဝိဇ္ဇာနှင့်သဒ္ဓါ(၀၂)မသိမှု
နှင့်ယုံကြည်မှုတွင်အရေးစိုက်သည်ဟူ၍ ဟောပြောကုန်၏။ အ
များအားဖြင့် သူတို့သည် တက်လူဖြစ်သော ခေတ်သားတို့၏
ဟဒယကိုဓာဉီးဇော်ကိုပါအဆိပ်ခတ်လျက် နေကြကုန်၏။

သေသူအဖြစ်သင်းချိုင်းကုန်းသို့လိုက်ပြီးလျှင်၊ တကယ်
ဖြစ်ပျက်ရန်အလားအလာမရှိသော အမြုဝတ်များကိုပေးကြ
ကုန်၏။ သေမျိုသွားလေပြီးသူများတမလွန်လောကဥစ္ဆာကြည်လင်
ရှင်ပြုချမ်းသာ သုခရရှိရေးအတွက် ရည်မှန်း၍ ဆွမ်းသွတ်ကြွ
ကုန်၏၊ ပိဏ္ဍာ ကျွေးကြကုန်၏၊ အမျှအတန်း ဝေကြကုန်၏။
အေး-သူတို့သည် သူတို့၏သက်ထိမ်းလမ်းကိုထွင်ရာတွင်ကား
အထူးအချွန်အလွန်ကျွမ်းကျင်တော်မူကြကုန်၏တကား။

၃၀၅။ ဖုန်းတော်ကြီးများနှင့်စာပြဆရာကြီးများသည်
ရှေးလူတို့၏ဖြစ်စဉ်ကို လူယား၏ဝေဖုန်ဥာဏ်ထက် ပိုမို၍အ
လေးပြုခဲ့သေး၏၊ ထိုမျှလောက်ကာလပတ်လုံး လူသားသည်
ဘာသာမှုဂုဏ်း၊ စာသင်ကျောင်းမှုဂုဏ်း၊ ကြီးကျယ်မှုနှံမြတ်သော
အကျိုးတရားကို ဖွဖွနုနုထွားထွား ခံစားရလိမ့်မည်မဟုထ်ချေ။

၃၀၆။ သားနှင့်အမိ လင်နှင့်မယား သွေးသားရောင်
ရင်း၊ လူနှင့်လူခြင်း ကွဲပြားခြင်းတို့ကား ကျွန်ုပ်တို့သချာဗွာ
မသိရသော ဘာသာရေးဘွဲ့အတွက်ကြောင့်သာ ဖြစ်တတ်
လေသည်။

၃၀၇။ လူသားတို့၏ ကိုယ်ကာယဒွန်ပေါင်းစပ်ဖွဲ့စည်း
ထားရှိသူသားဆင်ခြင်တုံပညာ၊ အသိဉာဏ် အလိမ္မာတို့ဖြင့်

မွန်းမုံထုတေ၍ထားဧသာလူ သားဇာစားသောက်-ရှူး-ရှိုက်ဟူ
သောကိုရိယာသုံးမျိုး တို့ဖြင့် ပြုပြင်၍ထားအပ်သောမဟာဘူတ
ရုပ်ကြီးလေးခုတို့သည်၊ (ဝါ ဓါတ်သေ-ဓါတ်ရှင်ဟု ခေါ်ဆို
အပ်သော "မက်တားနှင့် ဖို့စ်" တို့သည် မူလသဘာဝအားဖြင့်
အနုဝါဒိ-အနန္တ အစမှထင် အဆုံးကြည့်၍ သတ္တိရှိခြင်းကြောင့်
ကိစ္စတုံး လက်စသတ် ပြတ်စဲချုပ်ငြိမ်းခြင်းတို့ကား မရောက်
နိုင်ချေ။ယင်းသို့မရောက်နိုင်လျှင်။ထိုမဟာဘုတ်ရုပ်တို့သည်လူမှ
စာပါးအခြားသတ္တဝါတို့၏ငုံပန်းသကွဲ၊နှလုံးကွဲစေသွင်ပြင်ကို
မည်သည့်အခါမျှ ဆောင်ယူတော့မည် မဟုယ်တော့ချေ။ ထို
ကြောင့်-ကျွန်ုပ်တို့သည် လူသား၏ကိုယ်ကာယဌာ ပေါင်းစပ်
ဖွဲ့စည်းထားသောမဟာဘုတ်ရုပ်တို့၏အချိုးအစား ဖေါက်ပြန်
●ပြောင်လွဲမှုဖြစ်ပေါ်ခြင်းကြောင့် သေသွားသည်ဟုဆိုရသော-
"လူသားသည် ဘဖန်ပြန်၍ အချိုးအစားကိုက်ညီစွာ
ပေါင်းစပ်ဖြစ်ပေါ်ရန် ညီညွတ်သောအကြောင်း ရှိသေးလျှင်
လူသားစစ်စစ်မှတပါး၊အခြားမည်သည့်သတ္တဝါမျိုးမှမဖြစ်နိုင်
တော့ပြီ"ဟူ၍ ကျွန်ုပ်တို့အပြတ်အသတ် ဆုံးဖြတ်ချက်ချမှတ်ခဲ့
လေပြီ။ထိုသို့ဆုံးဖြတ်ချက်ချပြီးလျှင်(လူသေလူဖြစ် အတိဒမ္မာ)
နှင့်ယှဉ်ယက်၍ တိုးတက်ဝေဖန် စဉ်းစားဉာဏ်နှင့် အားအန်
သွန်ထုတ် သုဒတသနအလုပ်ကို ဆက်လက်ဆောင်ရွက် လုပ်
ကိုင်နိုင်ကြစေရန်-ဤမည်သောလူသေလူဖြစ်ပြဿနာကို၊ က
ဖယ်ရှင်တို့၏သက်သို့ဘင်ဆက်လိုက်ပါသတည်း။

လူဒသလူဖြစ်စာအုပ်မှကောက်နှုတ်ချယ်မိဘွဲ့။မှုမှန်။



မဟော်သဓါစာပုံနှိပ်တိုက်၊ ၃၅၁၊ ဗိုလ်ချုပ်အောင်ဆန်းလမ်း၊ ရန်ကုန်မြို့၊ ဦးရွှေဝင်း မှတ်ပုံတင်အမှတ် (၀၄၁၅) ကရိုက်နှိပ်၍၊ ပြည်ထောင်စု မြန်မာနိုင်ငံ ကျောင်းထိုင် ဆရာတော်များ အမွှဲချုပ်မှ၊ ထုတ်ဝေဖြန့်ချီသည်။